မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။ Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၀ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၈၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်-သွင်းကုန်ဘဏ်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်-သွင်းကုန်ဘဏ် (China Exim Bank) ဥက္ကဋ္ဌ H.E. Mr.Li Ruogu နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်-သွင်းကုန်ဘဏ် ဥက္ကဋ္ဌ H.E. Mr. Li Ruogu နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော်၌ Mount Pleasant Hotel ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

နေပြည်တော် ဥတ္တရသီရိမြို့အနီး ဖိုးဇောင်တောင်တန်းပေါ်ရှိ Mount Pleasant Hotel ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီ ၁၀မိနစ်တွင် အဆိုပါဟိုတယ်ရှိ Mount Pleasant Tower ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ G-4 အုပ်စုကုမ္ပဏီမှ တာဝန်ရှိသူများ၊ Mount Pleasant Hotel အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

ထူးခြားသည့် ညအပူချိန်	၁၉-၁၂-၂၀၀၉
ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၅ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၅ ဒီဂရီစင်တီဂရိတ်

နိုင်ငံတကာအဆင့်မီ တောင်ပေါ်အပန်းဖြေစခန်းဟိုတယ်ကြီး နေပြည်တော်တွင် ဖွင့်လှစ်ပေးလိုက်ပြီ

နေပြည်တော် ဒီဇင်ဘာ ၁၉

နိုင်ငံတော်အစိုးရက နေပြည်တော်ကို စတင်တည်ဆောက်ခဲ့ချိန်မှစ၍ နိုင်ငံတကာအဆင့် အဘက်ဘက်မှ တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

တိုးတက်သစ်လွင်

ဤသို့အကောင်အထည်ဖော် တည်ဆောက်ပေးနေမှုကြောင့် ယခုအခါ ဌာနဆိုင်ရာ အဆောက်အအုံများ၊ နေအိမ်တိုက်တာ အိမ်ရာများ၊

စာမျက်နှာ ၆ ကော်လံ ၂ ❐

သတင်းမြင်ကွင်း - မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

Mount Pleasant Hotel ကို ဤသို့ သပ်ရပ်သစ်လွင် အလှဆင်ထားသည်။ ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း
ယနေ့ထုတ် အသေချော
(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၀ရက်)

ပုပ္ပားတစ်ဝိုက် လက်ဖက်စိုက်ခင်းများဖြင့် စိမ်းလန်းဝေဆာလာမည်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သည့် စစ်ကိုင်းတိုင်း မုံရွာနှင့် စစ်ကိုင်းခရိုင်၊ မန္တလေးတိုင်း မြင်းခြံ၊ ရမည်းသင်းနှင့် မိတ္ထီလာခရိုင်၊ မကွေးတိုင်း ပခုက္ကူ၊ မင်းဘူး၊ မကွေးနှင့် သရက်ခရိုင်တို့၌ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အစီအစဉ်တကျ အကောင်အထည်ဖော်ခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသနှင့် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ်ဒေသများတွင် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကို ဖော်ဆောင်ခဲ့သည်။

ပုပ္ပားတောင် ဥယျာဉ်ဒေသတွင် လက်ဖက်စိုက်ပျိုးရန် ရေခံမြေခံနှင့် ရာသီဥတုရှိသည်။ ယင်းဒေသတွင် စံပြလက်ဖက်စိုက်ခင်းများ စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်မှုရခဲ့သဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခဲ့သည်။

လက်ဖက်စိုက်ခင်းများ တည်ထောင်ဖြစ်ထွန်းမှုနှင့်အတူ မြန်မာနိုင်ငံအလယ်ပိုင်း ပုပ္ပားတောင် ပတ်ဝန်းကျင်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသစ်များ ပေါ်ထွန်းလာမည်သာမက ဒေသတွင်း၌ လက်ဖက်စို၊ လက်ဖက်ခြောက်များ လွယ်လင့်တကူ ထုတ်လုပ်ရရှိလာနိုင်မည်ဖြစ်သည်။

ပုပ္ပားတောင်မကြီး၏အရှေ့ခြမ်း၌ ဒေသနှင့်ကိုက်ညီသည့် လက်ဖက်ပင်များကို စမ်းသပ်စိုက်ပျိုး အောင်မြင်လျက်ရှိသည်။ ပုဂ္ဂလိက လက်ဖက်စိုက်ခင်းဖြစ်သည့် ပုပ္ပားတောင်မကြီး ရေငယ်စခန်းအနီး မြေဧက ၂၀၀ပေါ်တွင် လက်ဖက်အပင်ပေါင်း ခုနစ်သိန်းကျော်ကို ကွန်တိုနည်းစနစ်ဖြင့် စိုက်ပျိုးတည်ထောင်ထားပြီဖြစ်သည်။

ပုပ္ပားဒေသသည် ပူပြင်းခြောက်သွေ့သောဒေသဖြစ်သော်လည်း ပုပ္ပားတောင်ဒေသ စိမ်းလန်းစိုပြည်ရေးကို အကောင်အထည်ဖော်နိုင်ခဲ့၍ တန်ဖိုးကြီးမားလှသော သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပြီး ပုပ္ပားတောင်နှင့် ပတ်ဝန်းကျင်၏ ရေမြေသဘာဝအခြေအနေမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းရေးအတွက် အခြေခံကောင်းများ ဖြစ်တည်လာခဲ့ပြီဖြစ်သည်။

ယခုအခါ လက်ဖက်ကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်တို့၌သာမက ပုပ္ပားတောင်ဒေသတွင်ပါ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ရာ ဒေသခံတိုင်းရင်းသား ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် တစ်ဦးချင်းဝင်ငွေတိုးမည့် ကမ္ဘာ့ဈေးကွက်ဝင် လက်ဖက်များကို ပိုမိုတိုးချဲ့ စိုက်ပျိုးထုတ်လုပ်သွားကြရန် နှိုးဆော်လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကော့မှူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး၏ နိုင်ငံသားအရည်အချင်းပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် အိမ်ထောင်စုစာရင်းများပေးအပ်ပွဲကို ဒီဇင်ဘာ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းတင်က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများပေးအပ်စဉ်။ (မြို့နယ် လဝက)

မြဝတီရုပ်မြင်သံကြား

၂၀-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၈)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မသိလို့ပါဆရာရယ်**
၁၃း၃၀ ၆။ ကျန်းမာသုတ
၁၃း၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၅၂)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၀။ လျှပ်တစ်ပြက်
၆း၃၀ ၁၁။ ဘဝကြေးမုံ **ပြန်ဆုံချိန်** မင်းဦး၊ ခင်ဇာခြည်ကျော်၊ ရီတ [ဒါရိုက်တာ-ဆဲဗင်း (I.C)]
၆း၄၅ ၁၂။ ဂင်းနက်စ်စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှူခင်းရဲ** (အပိုင်း-၂၁)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ကျန်းမာသုတ
၁၉။ ပဟေဠိနန်းတော်
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** တတိယတွဲ (အပိုင်း-၃၈)

အရန်သားဖွား မွမ်းမံသင်တန်းဆင်းပွဲ သရက်၌ကျင်းပ

သရက် ဒီဇင်ဘာ ၁၉

အရန်သားဖွား မွမ်းမံသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၄ရက် နံနက်က သရက်ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဋ္ဌေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ မင်းလှမြို့နယ်မှ မဇင်မာထွေး(**အပေါ်ပုံ**)၊ ဒုတိယဆုရ ကံမမြို့နယ်မှ မထွေးတင်၊ တတိယဆုရ သရက်မြို့နယ်မှ မဇင်မာအောင်တို့အား ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြမြအေးက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ ခရိုင်ဥက္ကဋ္ဌ ဦးမြအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သရက်၊ အောင်လံ၊ မင်းလှ၊ ကံမ၊ ဆင်ပေါင်ဝဲနှင့် မင်းတုန်းမြို့နယ်များမှ သင်တန်းသူ ၅၂ဦး တက်ရောက်ခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **အနိုင်းမဲ့မီး** တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
၇း၀၀ MRTV-4 သတင်း
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (YIT ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၃၂)
၈း၃၀ Sports World (Sunday Special)
၈း၅၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (ပင်လယ်ရင်ခွင်ကြယ်စင်အိပ်မက်)
၉း၃၀ Sunday Talk (ဒေါက်တာခင်မောင်ညို၊ မျိုးမြတ်သူ)
၁၀း၃၀ Activities in the City (ဆရာဦးမောင်မောင်တီမှ ၂၀၀၉ခုနှစ် ထူးချွန်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲ)
၁၀း၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (အကော်ဒီယံအုန်းကျော်)(အပိုင်း-၁)
၁၁း၃၀ **တစ်ပြည်ဝင်အိုး** အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး အကယ်ဒမီနွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)
၁၁း၅၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၅)
၁၂း၂၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (ပင်လယ်ရင်ခွင်ကြယ်စင်အိပ်မက်)
၁း၀၀ **အနိုင်းမဲ့မီး** တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနပန်း (ဖိုက်တင်ချတာကောင်းတယ်၊ ဖိုက်တင်မချတာကောင်းတယ်)
၃း၅၅ Activities in the City (ဆရာဦးမောင်မောင်တီမှ ၂၀၀၉ခုနှစ် ထူးချွန်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲ)
၄း၁၅ ရေကြည်ပြာကိုဖြတ်၍ခရီးနှင်··· ကိုကိုးကျွန်းခရီးစဉ်
၄း၄၅ Naing Group Showroom ဖွင့်ပွဲနှင့် အိမ်ရာအရောင်းပွဲတော်
၅း၀၀ ရာဇဝင်မြစ်ကမ်းပေါ်မှ··· နားခိုရာ
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဈေးဝယ်လမ်းညွှန် (Giordano)
၆း၅၀ ဗီဒီယိုပြခန်း
၇း၁၀ ရန်ကုန်မြင်ကွင်းကျယ် (YIT ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၇း၃၀ FMF Selection
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (ဖိုက်တင်ချတာကောင်းတယ်၊ ဖိုက်တင်မချတာကောင်းတယ်)
၉း၂၅ Barclays Premier League (Everton Vs Birmingham)
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၃၂)
၁၁း၅၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၅)
၁၂း၁၀ Naing Group Showroom ဖွင့်ပွဲနှင့် အိမ်ရာအရောင်းပွဲတော်
၁၂း၂၅ ဗီဒီယိုပြခန်း
၁၂း၄၀ ကလောမှာထင်ရှား ရွှေဥမင်ဘုရား
၁၂း၅၀ သီးနှံစိုက်ပျိုး အထွက်တိုး စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုး အောင် စိုက်ကြစို့
၁၂း၅၅ ဘူးခါးပေါ်မှ စိတ်ကူးလက်ရာ
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Wolverhampton-Burnley	ESPN (Live)
၉း၂၅	Everton-Birmingham	STAR SPORTS (Live)
၁၀း၂၅	West Ham- Chelsea	ESPN (Live)

နေပြည်တော် မြန်မာ့အသံ

(တနင်္ဂနွေ-နံနက်+နေ့လယ်+ည)
(၂၀-၁၂-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ လယ်ယာစီးပွား (စပါးသီးနှံအထွက်နှုန်း မထိခိုက်ရအောင်) တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ မေတို့တွက်တာ အလှကမ္ဘာ (၄၀ကျော် အမျိုးသမီးတစ်ယောက်ရဲ့ အလှအပလျှို့ဝှက်ချက်)
၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ ကမ္ဘာကြီးပူနွေးလာမှု
၁၁း၄၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ (၁၉)
၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀ တေးပဒေသာ
၁၂း၃၀ အားကစားသတင်းပဒေသာ
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (ပထမတန်း- ကာယပညာ) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ သန်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (အားကစားလေ့ကျင့်စဉ် အချိန်တိုတွင်း ရေအမြောက်အမြား မသောက်ပါနှင့်)
၁၇း၁၀ ဇာနည်စစ်သည် တေးပန်းချီ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ရေဒီယိုအတိတ် တေးအရိပ် နိုင်ငံရေးဦးတည်ချက်
၁၉း၂၅ ရှင်လန်းစေချင်သောတရှင် (ဆောင်းတစ်ည)
၁၉း၄၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာ သီရိဂေဟာ (အယ်လ်လွန်းဝါတို့ဇနီးမောင်နှံ) စီးပွားရေးဦးတည်ချက်
၂၀း၃၀ တေးပဒေသာ
၂၁း၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

အဖျောက် အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်မြို့ အထကမှ အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကိုကော်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးမြင့်နိုင် ဖုန်း-၅၃၀၆၀၆၊ ၀၉- ၅၀-၀၁၇၀၅ နှင့် ဦးကျော်ဆန်း ဖုန်း- ၅၅၃၄၀၇ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

○ *ကျော့ဖုံးမှ*

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ၊ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာ၌ ယခုဖွင့်လှစ်သည့် မကွေး-ကန်ပြား မီးရထားလမ်း ၇ဒသမ၆၈မိုင်သည် မကွေး-နတ်မောက်-ပျော်ဘွယ်မြို့များသို့ ဆက်စပ်ဖောက်လုပ်မည့် အရှည် ၉၅မိုင်ရှိသည့်အနက် ပထမဆုံး ဆက်စပ်ပေးသည့် ရထားလမ်းပိုင်းကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ကွန်ရက်ရထားလမ်း

အဆိုပါ ရထားလမ်းပိုင်းတွင် တံတားကြီး၊ ငယ် စုစုပေါင်း ရှစ်စင်း၊ ဘူတာပေါင်း သုံးဘူတာ၊ အများဆုံး ကွေ့ဒီဂရီ ၁၁ဒီဂရီ၊ ကွေ့ပေါင်း ၁၆ကွေ့နှင့် အများဆုံး ဆင်ခြေလျော ၁း၈၀ဖြစ်ကြောင်း၊ မကွေး-နတ်မောက်-ပျော်ဘွယ်ရထားလမ်းမကြီး ကို ဆက်စပ်ဖောက်လုပ်နိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံမြေလတ်ဒေသများမှ ခရီးသွားများနှင့် ဒေသထွက်ကုန်ပစ္စည်းများသည် ရထားဖြင့် စရိတ်စက သက်သာစွာနှင့် ကူးသန်းဆက်သွယ်သွားလာနိုင်ပြီး ပျော်ဘွယ်၌ ရှိပြီးသား ရထားလမ်းများနှင့် ဆက်စပ်ကာ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းတို့အထိ ရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်သည့် ကွန်ရက်ရထားလမ်းတစ်ခုအဖြစ် ပေါ်ထွန်းလာမည် ဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ဒသမ၃၅မိုင်သာ ရှိခဲ့ရာမှ နိုင်ငံတော် အစိုးရလက်ထက်၌ ယနေ့ ဖွင့်လှစ်မည့် မကွေး-ကန်ပြား ရထားလမ်း အပါအဝင် ရထားလမ်းအရှည် ၁၃၃၆ ဒသမ၉၈မိုင် ထပ်မံတိုးချဲ့ ဖောက်လုပ်နိုင်ခဲ့သဖြင့် ယနေ့အထိ ရထားလမ်းအရှည် စုစုပေါင်း ၃၃၁၃ဒသမ၃၃မိုင်ကို လည်းကောင်း၊ ၁၉၈၈ခုနှစ် မတိုင်မီက ဘူတာပေါင်း ၄၈၇ဘူတာရှိခဲ့ရာမှ နိုင်ငံတော် အစိုးရလက်ထက်၌ ယနေ့ဖွင့်လှစ်မည့် မကွေး-ကန်ပြား လမ်းပိုင်းရှိ ဘူတာသုံးဘူတာအပါအဝင် ၃၅၆ဘူတာ တိုးချဲ့ တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အထိ ဘူတာ စုစုပေါင်း ၈၄၃ကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီက တံတားကြီး၊ တံတားငယ် စုစုပေါင်း ၅၆၅၀ရှိခဲ့ရာမှ နိုင်ငံတော် အစိုးရလက်ထက်တွင် ၄၉၈၅စင်း တိုးချဲ့ တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အထိ တံတားကြီး၊ တံတားငယ် စုစုပေါင်း ၁၀၆၃၅ကို လည်းကောင်း၊ အသီးသီး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အထူးရထားပေါ်၌ လိုက်ပါစီးနင်းကြသည့် ဒေသခံ ခရီးသွားပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

မကွေး-ကန်ပြား ရထားလမ်းပိုင်းသစ်တွင် ပြေးဆွဲသည့် ရထားတစ်စင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်စသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

အောင်မြင်စွာဖွင့်လှစ်

ယင်းနောက် မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အမှာစကား ပြောကြားရာတွင် မကွေးတိုင်းနယ်မြေအတွင်း ရထားလမ်းများ ဆက်စပ်ဖောက်လုပ်ပေးလျက်ရှိရာ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လုပ်နေသည့် ကြိခင်း-ပခုက္ကူ ရထားလမ်းသည် မကွေးတိုင်းမှ ပခုက္ကူမြို့အထိ လည်းကောင်း၊ ပခုက္ကူမှ ဂန့်ဂေါ-ကလေးအထိ ဖောက်လုပ်ပေးပြီးသား ရထားလမ်းနှင့် ဆက်စပ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းအရှည် ၉၅ မိုင်တွင် အစိတ်အပိုင်းတစ်ခုဖြစ်သည့် မကွေး-ကန်ပြား ရထားလမ်းပိုင်းသစ်ကို ယနေ့ အောင်မြင်စွာဖွင့်လှစ်ပေးနိုင်သည် ဖြစ်ကြောင်း။

ယခု မကွေး-ကန်ပြား ရထားလမ်း အရှည် ၇ ဒသမ ၆၈ မိုင် ရှိသည့် ရထားလမ်းပိုင်းကို ခုနစ်လကျော် ကာလအတွင်း အချိန်တိုတိုဖြင့် နေ့ညမနား အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဝန်ထမ်းများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဤရထားလမ်းမကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေတို့က မကွေး-ကန်ပြား ရထားလမ်းပိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲ မုခ်ဦးရှေ့၌ ဒေသခံပြည်သူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီး၊ တိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖွင့်ပွဲအထူးရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အထူးရထားပေါ်သို့ တက်ရောက်ကြ၍ လိုက်ပါစီးနင်းကြသည့် ဒေသခံခရီးသွားပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ဆက်လက်၍ လမ်းတစ်လျှောက်ရှိ ဘူတာအသီးသီးတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်း ဒေသများကို အခြားဒေသကြီးများကဲ့သို့ မြန်မြန်ဆန်ဆန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက မကွေး-နတ်မောက် -ပျော်ဘွယ် ရထားလမ်းမိုင် ၉၅ မိုင်ရှိသည့်အနက် ပထမဆုံး ဆက်စပ်ပေးသည့် ရထားလမ်းပိုင်းဖြစ်သည့် မကွေး-ကန်ပြား ရထားလမ်းအရှည်မိုင် ၇ဒသမ၆၈မိုင်ကို ယနေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဘူတာရုံပေါင်း သုံးဘူတာဖြစ်သည့် နွားကူး (ပညာရေးကောလိပ်) ဘူတာ၊ ဆေးတက္ကသိုလ် (မကွေး)ဘူတာ၊ ကန်ပြား (နည်းပညာတက္ကသိုလ်) ဘူတာများ တည်ဆောက်ပေးထားခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ချောမွေ့ပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ရထားလမ်းဖြတ်သန်းရာ ဒေသများ၏ ခရီးသည်နှင့် ကုန်ပစ္စည်းများကို စရိတ်စကသက်သာစွာ သယ်ယူပို့ဆောင်သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်။ ဆက်လက်၍ ကျန်ရှိနေသည့် လမ်းပိုင်းများကို အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်နိုင်ရန် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက် လျက်ရှိသည်။

ရထားလမ်းများ

ထို့အတူ မြန်မာ့မီးရထားအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရထားလမ်းများမှာ သရက်-ကျွန်းချောင်း ရထားလမ်း ၁၈၃ မိုင်၊ ကသာ-ဗန်းမော်ရထားလမ်း ၉၈မိုင်၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း ၂၂၆မိုင်၊ ပျော်ဘွယ်-နတ်မောက်-ကန်ပြား ရထားလမ်း ၈၇ ဒသမ ၃၂မိုင်၊ ထားဝယ်- မြိတ် ရထားလမ်း ၁၃၂ ဒသမ ၅၀မိုင်၊ မင်းဘူး-အမ်း-ရေချမ်းပြင် ရထားလမ်း ၂၄၅ ဒသမ ၅၄မိုင်၊ ပုသိမ် (ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်း ၈၇မိုင်၊ ပြည် (ရွှေတံခါး) တောင်ငူ (ကျေးတော)-နေပြည်တော် ရထားလမ်း မိုင်၁၂၀နှင့် ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း (ဧရာဝတီမြစ်ကူး) ရထားလမ်းတို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ လူထုအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်တွင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၁၉

တစ်မျိုးသားလုံးကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးနှင့် အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အားကစားလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့်ဆောင်ရွက်သော ၂၀၀၉ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ယနေ့ နံနက် ၆ နာရီတွင် နေပြည်တော် မြို့မဈေးစုရပ်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပြည်သူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

စုပေါင်းလမ်းလျှောက်ပွဲကို နံနက် ၆ နာရီတွင် စတင် တာထွက်ပြီး နေပြည်တော် ပျဉ်းမနား တောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းပတ်မှတစ်ဆင့် ရာဇသင်္ဂဟ လမ်းဘက်သို့ စုပေါင်းလမ်းလျှောက်ကြပြီး ကျောက်မျက်ရတနာပြတိုက်ရှေ့တွင် ပန်းဝင်ပြီး ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို ဆက်လက်စုပေါင်း ဆောင်ရွက်ကြသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် အင်အား ၆၂၀၀ ကျော် ပါဝင်ဆင်နွှဲကြပြီး အားကစားဝန်ကြီးဌာနနှင့် ရွှေနန်းတော်ဟိုတယ်တို့မှ အဆာပြေစားသောက်ဖွယ်နှင့် သောက်ရေသန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထောင်စုနှစ် ရည်မှန်းချက်ပြည့်မီရေး အသိပေးရှင်းလင်းပွဲ ကော့ကရိတ်မြို့တွင် ကျင်းပ

ကော့ကရိတ် ဒီဇင်ဘာ ၁၉

ကော့ကရိတ်မြို့ ကျန်းမာရေးဦးစီးဌာနမှ ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီရေး၊ ငါးနှစ်အောက်ကလေးများ သေဆုံးမှုကျဆင်းရေးနှင့် မိခင်သေဆုံးမှု ကျဆင်းရေး အသိပေးရှင်းလင်းပွဲကို နိုဝင်ဘာ ၂၇ ရက်က ခရိုင်ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်၊ ခရိုင်ရဲမှူးချစ်စိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၅၀ခန့် တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေက ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီရေး၊ ငါးနှစ်အောက်ကလေးများ သေဆုံးမှုကျဆင်းရေးနှင့် မိခင်သေဆုံးမှုကျဆင်းရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ***(ခရိုင် ပြန်/ဆက်)***

ရထားလမ်းပိုင်းသစ်ဖွင့်ပွဲ

မကွေး-ကန်ပြားရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို မကွေးဘူတာ ဥပစာရှေ့၌ ကျင်းပစဉ်။ (သတင်းစဉ်)



တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ရှိ အမှတ် (၁) အားကစားကွင်း၌ ယနေ့ ညနေပိုင်းတွင် ကျင်းပရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (က) အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး အသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီသရေဖြင့် လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် အသင်းက အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ခုနှစ် ဘွဲ့ရများ၏ (၁၁)ကြိမ်မြောက် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ခုနှစ် ဘွဲ့ရများ၏ (၁၁)ကြိမ်မြောက် မိတ်ဆုံညစာစားပွဲနှင့် နှစ် (၄၀)မြောက် ဘွဲ့ရအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာကျွန်းရှိ Western Park Restaurant ၌ကျင်းပမည်ဖြစ်၍ ၁၉၆၉ခုနှစ် ဘွဲ့ရများအားလုံး တက်ရောက်ကြရန်နှင့် အသေးစိတ်သိလိုပါက ဗိုလ်မှူးခင်မောင်ဝင်း ဖုန်း-၅၄၄၂၈၄၊ ဦးကြည်စိုး ဖုန်း-၀၉-၅၁-၇၅၂၇၀နှင့် ဦးလှတိုး ဖုန်း-၀၉-၈၀-၃၁၉၉၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩစတြေးလျားတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်သို့ ထပ်မံစေလွှတ်မည်မဟုတ်

ဗီယင်နာ ဒီဇင်ဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ ထပ်မံပို့ရေး အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က တွန်းအားပေးနေသည့်ကြားမှပင် ဩစတြေးလျားတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည်မဟုတ်ကြောင်း ဩစတြေးလျား ကာကွယ်ရေးဝန်ကြီး နော်ဘတ်ဒါရာဘော့စ်က ဒီဇင်ဘာ ၁၇ ရက်တွင် ကြေညာသည်။

အမေရိကန်က မိမိတို့ နိုင်ငံအပေါ် ဖိအားပေးမှုသည် အတော်အတန်ပြင်းထန်လာကြောင်း၊ တစ်ခါတစ်ရံတွင် ပုံမှန်ထက် ပိုမိုကြောင်း ဒါရာဘော့စ်က ပြောကြားသည်။

ဖိအားပေး

ဩစတြေးလျားနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့အပေါ် ဖိအားပေးလာခြင်းကို လက်ခံနိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကန်ဒါဟာပြည်နယ်၌ ဗုံးပေါက်ကွဲမှု အာဖဂန်ပြည်သူ ခုနစ်ဦးသေဆုံး

ကဘူးလ် ဒီဇင်ဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဗုံးပေါက်ကွဲသဖြင့် ပြည်သူခုနစ်ဦးထက်မနည်း သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

ဖြစ်ပွား

ယင်းဖြစ်ရပ်သည် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ ဒီဇင်ဘာ ၁၇ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်အစိုးရအရာရှိများက ပြောကြားသည်။

ဖော်ပြ

သေဆုံးသူခုနစ်ဦးမှာ အမျိုးသမီးငါးဦးနှင့် အမျိုးသားနှစ်ဦးဖြစ်ကြောင်း၊ အသက်နှစ်နှစ်မှ ရှစ်နှစ်အရွယ်ရှိ ကလေးသုံးဦးလည်း ဒဏ်ရာရရှိသွားကြောင်း၊ ကန်ဒါဟာပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ဇာလ်မိုင်းအာယွတ်ဘီက ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းဌာနက ကိုးကားဖော်ပြသည်။

ပြောကြားခြင်းမပြု

ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့် အကြမ်းဖက်အဖွဲ့အစည်းက ပြုလုပ်သည်ကို ထုတ်ဖော်ပြောကြားခြင်း မပြုသေးဘဲ ရှိကြောင်းသိရသည်။

(အင်တာနက်)

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယာ့ဒ်မြို့၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် အယ်ဂျီးရီးယား ထုတ်ကုန်ပြပွဲကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ပြန်ပေးဆွဲခံရသော သတင်းထောက်များ ပြန်လည်လွတ်မြောက်လာ

ကဘူးလ် ဒီဇင်ဘာ ၁၉

အာဖဂန်နစ္စတန်၌ ခြောက်ရက်ကြာ ဓားစာခံအဖြစ် ပြန်ပေးဆွဲခံထားရသော ဗြိတိန်နိုင်ငံထုတ် ဂါးဒီးယန်းသတင်းစာမှ နိုင်ငံခြားသား သတင်းထောက်သုံးဦး ပြန်လည်လွတ်မြောက်လာကြောင်း ဒီဇင်ဘာ ၁၆ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြန်ပေးဆွဲခံရ

၎င်းတို့သည် အာဖဂန်အရှေ့ပိုင်း တူနာဒေသတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။ ယင်းဒေသမှာ တာလီဘန်စစ်သွေးကြွများ၊ အခြားစစ်သွေးကြွအုပ်စုများနှင့် ရာဇဝတ်ဂိုဏ်းများ ကြီးစိုးသည့်ဒေသဖြစ်သည်ဟု သိရသည်။

ပူးပေါင်းဆောင်ရွက်

ဓားစာခံများ လွတ်မြောက်ရေးအတွက် နှစ်နိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

နိုင်ငံတကာလေကြောင်းလိုင်းများ ၂၀၁၀ ခုနှစ်၌ အရှုံးပေါ်နိုင်

မွန်ထရီယယ် ဒီဇင်ဘာ ၁၉

လာမည့် ၂၀၁၀ခုနှစ်တွင် နိုင်ငံတကာလေကြောင်းလိုင်းများအနေဖြင့် အမေရိကန်ဒေါ်လာ ၅ဒသမ၆ဘီလီယံ အရှုံးပေါ်နိုင်သည်ဟု နိုင်ငံတကာ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ (အိုင်အေတီအေ)က ကြိုတင်ခန့်မှန်းကြောင်း ဒီဇင်ဘာ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများကြောင့် လေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအနေဖြင့် ယခင်ကခန့်မှန်းသည့် အရှုံးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံထက် ယခုခန့်မှန်းမှု ပိုမိုများပြားကြောင်းတွေ့ရသည်ဟု ဆိုသည်။

သို့ဖြစ်ရာ လုပ်ငန်းများပြန်လည်ဦးမော့လာရေးအတွက် လေကြောင်းလိုင်းများအနေဖြင့် ကြိုတင်ပြင်ဆင်ထားကြရန် (အိုင်အေတီအေ)က သတိပေးထားသည်။

ဆုံးရှုံး

နိုင်ငံတကာလေကြောင်းလိုင်းများမှာ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၉ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄၉ဒသမ၁ ဘီလီယံ အရှုံးပေါ်ခဲ့ကြောင်း၊ ယင်းကာလ၌ ပျမ်းမျှအားဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ငါးဘီလီယံ ဆုံးရှုံးမှုပင်ဖြစ်ကြောင်း အိုင်အေတီအေ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

(အင်တာနက်)

ပါကစ္စတန်၌ အသေခံဗုံးခွဲတိုက်ခိုက်၊ ၁၂ဦးသေဆုံး

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖောင့်တီးယားပြည်နယ်တွင် ဒီဇင်ဘာ ၁၈ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ၁၂ဦးသေဆုံးပြီး၊ ၂၈ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

တိုက်ခိုက်

ဖောင့်တီးယားပြည်နယ် ရဲဌာနချုပ်အနီးရှိ အဆောက်အအုံတစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင်များပါဝင်ကြောင်း၊ ဒေသတွင်းရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မွန်တက်ဇ်ဇာရန်က ပြောကြားသည်။

ပျက်စီးခဲ့

ဗုံးပေါက်ကွဲမှုကြောင့် အဆောက်အအုံမှာ ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့ပြီး အနီးအနားမှာလည်း မီးလောင်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ အဆောက်အအုံအပြင်ဘက်၌ ရပ်နားထားသည့် မော်တော်ယာဉ်အချို့မှာလည်း ပျက်စီးသွားခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အီရန်နှင့်အိုမန် မြှင့်တင်မည်

တီဟီရန် ဒီဇင်ဘာ ၁၉

အီရန်နှင့်အိုမန်နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် လာမည့်သီတင်းပတ်တွင် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း အီရန်နိုင်ငံပိုင် အိုင်အာရ်အင်န်အေသတင်းဌာနက ဒီဇင်ဘာ ၁၇ရက်၌ သတင်းထုတ်ပြန်သည်။

(၈)ကြိမ်မြောက် အီရန်-အိုမန် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကို အီရန်နိုင်ငံ တီဟီရန်မြို့တော်၌ လက်ခံကျင်းပမည်ဖြစ်သည်။ နယ်ပယ်အသီးသီးတွင် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီတလီမြောက်ပိုင်း၌ လုံခြုံရေးအစီအမံများ တိုးမြှင့်မည်

ရောမ ဒီဇင်ဘာ ၁၉

အီတလီနိုင်ငံမြောက်ပိုင်းတွင် ယခုသီတင်းပတ်အတွင်း သီးခြားနေရာများ၌ ဗုံးနှစ်လုံးကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အမျိုးသားလုံခြုံရေးအစီအမံများကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း အီတလီအစိုးရက ကြေညာသည်။

ဘိုကိုနီမီလန်တက္ကသိုလ်တွင် တပ်ဆင်နေဆဲ ဗုံးတစ်လုံးနှင့် ဖာအူလီ-ဗနီဇာဂူလီယာ ဒေသအရှေ့မြောက်ပိုင်းရှိ လူဝင်မှုကြီးကြပ်ရေးဌာနတစ်ခုသို့ ပေးပို့လာသော စာအိတ်ဗုံး တစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါလုပ်ရပ်များသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း စစ်သွေးကြွများက ထုတ်ဖော်ပြောကြားသည်။ အဆိုပါဗုံးများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် စစ်သွေးကြွများ၏ တိုက်ခိုက်မှုများ တိုးမြှင့်လာမည်ကို အာဏာပိုင်များက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ဖောင့်တီးယားပြည်နယ်၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှု ပါကစ္စတန်၌ ရှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၉

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ပြည်နယ်တွင် အမေရိကန်တို့လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အနည်းဆုံးရှစ်ဦး သေဆုံးသွားခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

မြောက်ဝါဇီရစ္စတန်ပြည်နယ် ဒူတာစီးလ်ဒေသရှိ နေအိမ်များပေါ်သို့ အမေရိကန်တို့ လေကြောင်းမှဒုံးကျည်လေးစင်းဖြင့် ဒီဇင်ဘာ ၁၇ရက်က တိုက်ခိုက်ခဲ့သည်ကို ဒေသအာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံ ယျောင်နင်းပြည်နယ် တလင်းမြို့တွင် ကျင်းပသည့် ဆောင်းရာသီပွဲတော်ဖွင့်ပွဲ၌ လှပျိုဖြူများ၏ ဖျော်ဖြေမှုကို ဒီဇင်ဘာ ၁၈ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အီရန်နိုင်ငံ၏ ဆီဂျီးလ်-၂ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှု ပြင်သစ် စိုးရိမ်ပူပန်

ပါရီ ဒီဇင်ဘာ ၁၉

ပြင်သစ်နိုင်ငံသည် အီရန်နိုင်ငံ၏ နောက်ထပ်ဒုံးကျည် စမ်းသပ်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း၊ ယင်းဒုံးကျည်စမ်းသပ်မှုသည် အလွန်ဆိုးရွားသည့် လက္ခဏာဖြစ်သည်ဟု ပြင်သစ်နိုင်ငံကယူဆကြောင်းဖြင့် ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကြေညာသည်။

ပိုမိုအားဖြည့်

အီရန်နိုင်ငံက ဆီဂျီးလ်-၂အမည်ရှိ တာလတ်ပစ်ဒုံးကျည်ကို ထပ်မံစမ်းသပ်လိုက်သည်ဟု ကြေညာခြင်းသည် စိုးရိမ်ပူပန်ဖွယ်ရာအလွန်ကောင်းကြောင်း၊ ယင်းစမ်းသပ်ပစ်လွှတ်မှုသည် နိုင်ငံတကာ၏ စိုးရိမ်ကြောင့်ကြမှုကို ပိုမိုအားဖြည့်ပေးရာရောက်ကြောင်းဖြင့်လည်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပစ်ခတ်

အီရန်နိုင်ငံက စမ်းသပ်ပစ်လွှတ်လိုက်သည့် ဆီဂျီးလ်-၂ ဒုံးကျည်သည် အစ္စရေးနိုင်ငံနှင့် အရှေ့တောင်ပိုင်းရှိ အမေရိကန်အခြေစိုက်စခန်းများကို ထိမှန်နိုင်စွမ်းရှိကြောင်း၊ ကီလိုမီတာ ၂၀၀၀ အထိရှိသည့်အကွာအဝေးကို ပစ်ခတ်နိုင်ကြောင်း သိရသည်။

(အင်တာနက်)

မိုးစပါးစံကွက်ရိတ်သိမ်းနည်း လက်တွေ့သရုပ်ပြပွဲ လပွတ္တာမြို့၌ကျင်းပ

လပွတ္တာ ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် စံကွက်ရိတ်သိမ်းနည်းစနစ် လက်တွေ့သင်ကြားသရုပ်ပြခြင်းကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက လပွတ္တာမြို့မအုပ်စု ကွင်းအမှတ်(၁၀/၄) တောင်သူဦးအုံးခင်၏လယ်မြေ၌ ကျင်းပသည်။

စပါးစံကွက်ရိတ်သိမ်း

ယင်းစံကွက်ရိတ်သိမ်းပွဲသို့ လပွတ္တာခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒေသခံတောင်သူများက မိုးစပါးစံကွက်များကို စုပေါင်းရိတ်သိမ်းကြသည်။

လက်တွေ့သင်ကြား

ထို့နောက် ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများအား မိုးစပါးစံကွက်ရိတ်သိမ်းနည်းစနစ်များကို လက်တွေ့သင်ကြား သရုပ်ပြပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဓာတုဗေဒဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၄-၇၈ခုနှစ်ဓာတုဗေဒဘွဲ့ရကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၁၃ရက်က ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် ရတနာလမ်း(၁၆/၂)ရပ်ကွက်ရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဓမ္မာရုံကြီး၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသူဟောင်း ဒေါ်မေအေးမြင့်က ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် ပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးလှသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းသားဟောင်း ဦးမြသန်းစံနှင့် ဒေါ်ခင်မလေးတို့က ကျေးဇူးတင်စကား ပြောကြားကာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား လှူဒါန်းငွေနှင့် လက်ဆောင်ပစ္စည်းများ ဂါရဝပြုပေးအပ်ကြသည်။

ဆက်လက်၍ ကျောင်းသားဟောင်း တစ်ဦးက ကန်တော့ချိုး တိုင်ပေးပြီး ကျောင်းသား ကျောင်းသူများက ရွတ်ဆိုပူဇော်ကန်တော့ကြကာ ဆရာကြီး ဒေါက်တာ ဦးမင်းမြင့်နှင့် ဆရာမကြီး ဒေါက်တာ ဒေါ်ခင်မာထွန်းတို့က ဆုံးမသြဝါဒစကား ပြောကြားကြကြောင်း သိရသည်။ **(၁၃၅)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဟောပြောပွဲ အလုံတွင်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

အလုံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု နယ်လှည့်ဟောပြောပွဲကို ဒီဇင်ဘာ ၁၇ရက် နံနက် ၁၀နာရီက အထက(၆)အလုံခန်းမ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်ဖြင့် ဟောပြောပြီး **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စာကြည့်တိုက်အသင်းဝင် အဆိုပြုလွှာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဖြူ ဥပစာကောလိပ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

ကျောက်ဖြူ ဥပစာကောလိပ် ကျောင်းသားကျောင်းသူများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်မင် ပန်းခြံအတွင်းရှိ ရွှေဘဲ စားသောက်ဆိုင် (ယခင်ရှမ်းကန် စားသောက်ဆိုင်)တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးကျော်မွေး ဖုန်း-၅၀၃၀၂၃၊ ဦးလှအောင် ဖုန်း-၅၂၆၈၈၆၊ ဦးမောင်သိန်းဦး ဖုန်း-၅၈၄၉၂၆၊ ဒေါ်ရီရီဝင်း ဖုန်း-၅၆၅၃၁၀၊ ဦးမောင်မောင်ခင် ဖုန်း-၀၉-၈၀-၃၃၅၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အထက(၁) သဃ်ာန်းကျွန်း (၁၉၅၄ မှ ၁၉၇၅/၁၉၇၆) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

အထက(၁) သဃ်ာန်းကျွန်းတွင် ၁၉၅၄ ခုနှစ်မှ ၁၉၇၅/၁၉၇၆ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် အဆိုပါကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ဒေါ်ဝင်းမြင့် (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၅၆၅၉၆၆၊ ဦးသိန်းလွင် (မျက်မမြင်များမိတ်သဟာယ) ဖုန်း- ၀၉-၅၁၂၃၈၇၃၊ ဦးအောင်ကျော်ဟိန်း ဖုန်း-၅၇၉၀၂၂၊ ဦးညွန့်ရွှေ ဖုန်း-၅၆၄၇၄၇၊ ဦးကျင်သိန်း(ထွန်းဘဏ္ဍာလက်ဖက်ရည်ဆိုင်) ဖုန်း-၅၇၁၅၆၄၊ တက္ကသိုလ်နီနီမာ ဖုန်း-၅၇၇၂၇၈၊ ဦးမွန်ကြိုင်(ခ) ဦးသာစိန်(အေဝမ်း သကြားလုံး မန္တလေး) ဖုန်း-၀၉-၂၀၀၂၀၆၅၊ ဦးစံတင့်မှတစ်ဆင့် ဖုန်း-၀၉-၅၁၆၂၃၉၈၊ ဦးဝင်းမြင့် ဖုန်း-၅၆၁၅၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဒီဇင်ဘာ ၁၁ရက်က ကျင်းပရာ အတန်းပိုင်ဆရာမ ဒေါ်ချိုချိုလှက သူငယ်တန်းမှ ပထမဆုရရှိသူ မောင်လွှမ်းမိုးအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် ဒိုင်းမွန်းဘိလိယက်နှင့်စနူကာစင်တာနှင့် ***Myanmar Brewery Co., Ltd.****တို့ ပူးပေါင်းကျင်းပသော နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ရက်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ကမာရွတ်မြို့နယ် ဒိုင်းမွန်းဘိလိယက်နှင့်စနူကာစင်တာတွင် ကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ ဘိလိယက်အသင်းလိုက်ပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းနှင့် စနူကာအသင်းလိုက်ပြိုင်ပွဲများ ထည့်သွင်း ကျင်းပမည်ဖြစ်ရာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အတွင်းရေးမှူး ဖုန်း -၀၉-၅၁၉၇၅၇၈ နှင့် အဖွဲ့ချုပ် ဖုန်း-၃၇၅၁၀၄တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)*

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

စစ်ဘက်လေ့လာရေးဂြိုဟ်တု ပြင်သစ်လွှတ်တင်

လွှတ်တင်ရန်ကြန့်ကြာနေခဲ့သော စစ်ဘက်သုံး ဟီလီယို ၂ ဘီ အမည်ရှိ ပြင်သစ်လေ့လာရေးဂြိုဟ်တုကို အမေရိကတောင်ပိုင်း ပြင်သစ်ဂိုင်ယာနာရှိ ကူရူဂြိုဟ်တုလွှတ်တင်ရေးစခန်း အာရင်းအာကာသဌာနမှနေ၍ အာရင်း ၅ ဒုံးပျံဖြင့် လွှတ်တင်လိုက်နိုင်ပြီဖြစ်ကြောင်း ရုပ်မြင်သံကြားအစီအစဉ်မှ ဒီဇင်ဘာ ၁၉ရက်တွင် ထုတ်လွှင့်ပြသသည်။ ***(အောက်ပုံ)***

ဘရာဇီး၏ အလုပ်လက်မဲ့နှုန်း နိုဝင်ဘာလ၌ကျဆင်း

ဘရာဇီးနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၀၈ခုနှစ် အောက်တိုဘာလက ၇ ဒသမ ၆ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်အောက်တိုဘာလတွင် ၇ဒသမ ၅ရာခိုင်နှုန်းရှိကာ နိုဝင်ဘာလ၌ ၇ဒသမ ၄ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း ဘရာဇီးနိုင်ငံပထဝီဝင်နှင့်စာရင်းအင်းဌာန(အိုင်ဘီဂျီအီး)က ဒီဇင်ဘာ ၁၉ရက်၌ သတင်းထုတ်ပြန်သည်။

အဆင့်မြင့် အရပ်ဘက်သုံး မြေတိုင်းဂြိုဟ်တု ၂၀၁၁ခုနှစ်တွင် တရုတ်လွှတ်တင်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကြည်လင်ပြတ်သားစွာ ရိုက်ကူးပေးနိုင်သည့် အရပ်ဘက်သုံးမြေတိုင်းဂြိုဟ်တုကို ၂၀၁၁ခုနှစ်တွင် အာကာသသို့ လွှတ်တင်သွားမည်ဖြစ်ကြောင်း၊ ယင်းဂြိုဟ်တုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပထမဦးဆုံးထုတ်လုပ်သည့် အမျိုးအစားဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြေတိုင်းတာရေးနှင့် မြေပုံထုတ်ရေးဗျူရို (အက်စ်ဘီအက်စ်အမ်)က ကြေညာသည်။

ဖိလစ်ပိုင်မီးတောင် ချော်ရည်များပန်းထွက် ကျေးရွာသားများ ပြောင်းရွှေ့ရေး အမြန်စီစဉ်

ဖိလစ်ပိုင်နိုင်ငံရှိ အားအကောင်းဆုံးမီးတောင်ရှင်သည် ဒီဇင်ဘာ ၁၈ရက်တွင် ပြာနှင့်ချော်ရည်များ မရပ်မနားပန်းထွက်လျက်ရှိပြီး တစ်နေ့တခြား ကြီးထွားလာနေကြောင်း၊ မိမိတို့လယ်ယာလုပ်ငန်းများ ရိတ်သိမ်းချိန်တွင် မပြောင်းရွှေ့ချင်ကြသည့် ဒေသခံကျေးရွာသားများအား အာဏာပိုင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် အမြန်စီစဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရုရှားနိုင်ငံ၌ ဆီးနှင်းများထူထပ်စွာကျဆင်း အဝေးပြေးလမ်းများ ပိတ်ထားရ

ရုရှားနိုင်ငံတွင် ဒီဇင်ဘာ ၁၉ရက်က ဆီးနှင်းထူထပ်စွာကျဆင်းခဲ့ရာ ယာဉ်အသွားအလာများ ကမောက်ကမဖြစ်၍ လေယာဉ်ခရီးစဉ်များ ကြန့်ကြာသွားရပြီး အချို့လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းလိုက်ရကြောင်း၊ ဆိပ်ကမ်းနှင့် အဝေးပြေးလမ်းမကြီးများကို ပိတ်ထားလိုက်ရကြောင်း ရုရှားနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနက ကြေညာသည်။ (အပေါ်ပုံ)

အင်တာနက်ခိုးယူသုံးစွဲမှု တရုတ်နှိမ်နင်းမှုအောင်မြင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အင်တာနက်ခိုးယူသုံးစွဲမှုနှင့် မူပိုင်ခွင့်စည်းမျဉ်းချိုးဖောက်မှုကို လအတန်ကြာနှိမ်နင်းခဲ့ရာတွင် ယခုအခါ၌ တိုးတက် အောင်မြင်မှုရရှိခဲ့ပြီးဖြစ်ကြောင်း၊ သိသိသာသာ နှိမ်နင်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(အင်တာနက်)

■ ရှေ့ဖုံးမှ

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်နှင့် G-4 အုပ်စု ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးရန်ဝင်းတို့က Mount Pleasant Hotel ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ တိုင်းမှူးက Mount Pleasant Tower မှခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် Mount Pleasant Tower နှင့် ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

တောင်ပေါ်အပန်းဖြေဟိုတယ်

ယနေ့ ဖွင့်လှစ်သည့် Mount Pleasant Hotel သည် နေပြည်တော် ဥတ္တရသီရိမြို့အနီး ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၁၆၀၀ခန့်ရှိ ဖိုးဇောင်တောင်တန်းပေါ်၌တည်ရှိပြီး တောင်ပေါ်အပန်းဖြေစခန်းမြို့ဖြစ်သည့် ပြင်ဦးလွင်မြို့နှင့်တူညီသော ရာသီဥတုရှိကာ နိုင်ငံတကာအဆင့်မီ ကြယ်လေးပွင့်အဆင့်ရှိ ခေတ်မီ တောင်ပေါ်အပန်းဖြေဟိုတယ် တစ်ခုဖြစ်သည်။

အဆိုပါ ဟိုတယ်သည် ၂၅ဧက ကျယ်ဝန်းသော တောင်ကုန်းပေါ်၌ တည်ဆောက် ဖွင့်လှစ်ထားပြီး နေပြည်တော် အနီးပတ်ဝန်းကျင်ဒေသ အလှအပများကို ကြည့်ရှုအနားယူ စားသောက်နိုင်သည့် သုံးထပ် Mount Pleasant Tower၊ ဧည့်သည် ၁၅၀ဆံ့ ဇမ္ဗူသီရိခန်းမ၊ ဧည့်သည် ၂၀၀ဆံ့ ဥတ္တရသီရိခန်းမတို့အပြင် ဧည့်သည် ၇၀ဆံ့ အစည်းအဝေးခန်းမနှင့် အရှေ့တိုင်းနှင့် ဥရောပအစားအသောက်များသုံးဆောင်နိုင်သည့် Bamboo Garden Restaurant တို့ကိုပါ ဖွဲ့စည်းတည်ဆောက်ထားသည်။ ထို့အပြင် Reception & Function Rooms၊ Mount Pleasant Suite၊ Junior Suite နှင့် Deluxe လုံးချင်းအိပ်ဆောင်များနှင့် အိပ်ခန်းပေါင်း ၇၀ခန့်ပါဝင်သော ခေတ်မီအဆောက်အအုံများဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာအဆင့်မီ တောင်ပေါ်အပန်းဖြေဟိုတယ်ဖြစ်သည်။

အကောင်းဆုံးဝန်ဆောင်မှုပေး

ပြည်တွင်းပြည်ပမှ လာရောက်တည်းခိုသည့် ဧည့်သည်များအား ဟိုတယ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခြောက်လအတွင်း လာရောက်တည်းခိုအနားယူကြသည့် ဧည့်သည်များအား ၄၀ ရာခိုင်နှုန်း အထူးလျှော့ဈေးဖြင့် ဝန်ဆောင်မှုအပြည့်ပေးမည်ဖြစ်ပြီး High Speed Wireless Internet Access၊ ၂၄ နာရီ ရရှိနိုင်သည့် Room Dining နှင့် ဆေးဝန်ဆောင်မှု၊ အင်တာနက်အသုံးပြုခြင်း၊ Laptop ငှားရမ်းခြင်းစသည့် ဝန်ဆောင်မှုတို့ကိုလည်း စီစဉ်ထားရှိရာ အထူးဧည့်သည်တော်များ၊ နိုင်ငံတကာလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သော နိုင်ငံတကာ အဆင့်မီ တောင်ပေါ်အပန်းဖြေ ဟိုတယ်တစ်ခုဖြစ်သည်။

ဆက်သွယ်နိုင်

Mount Pleasant Hotel ၏ Second Phase ၌ Swimming Pool, Fitness Centre, Playground, Spa & massage, Adventure Tour စသည့် ဝန်ဆောင်မှုများကို တိုးချဲ့တည်ဆောက်လျက်ရှိပြီး စိတ်ပါဝင်စားသူများအနေဖြင့် www. mountpleasanthotel-npt. com နှင့် ဖုန်း-၀၆၇-၄၃၁၁၅၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က Mount Pleasant Hotel ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

❒ ရှေ့ဖုံးမှ

လမ်းမကြီးများ၊ ဈေးကြီးများသာမက ဟိုတယ်၊ မိုတယ်နှင့် အပန်းဖြေစခန်းများကိုလည်း နေပြည်တော်တစ်ခွင် တိုးတက်သစ်လွင်သော မြင်ကွင်းများအဖြစ် မြင်တွေ့နေရပေပြီ။

တစ်ချိန်တည်းမှာပင် နေပြည်တော်၏ အလှကိုတိုးစေမည့် ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိနှင့် ဇမ္ဗူသီရိမြို့သစ်များကိုလည်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ ထို့အပြင် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ ပရဆေးဥယျာဉ်၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်နှင့် ငလိုက်ကန်သာ အပန်းဖြေ စခန်းတို့ကိုလည်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ယခုတစ်ဖန်လည်း အထူးစီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် နိုင်ငံတကာအဆင့်မီ Mount Pleasant Hotel ကြီးကို ဒီဇင်ဘာ၁၉ရက် နံနက်ပိုင်းက အောင်မြင်စွာ ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ ယင်းဟိုတယ်ကြီးကိုတောင်ပေါ် အပန်းဖြေစခန်းဟိုတယ်ဟူ၍လည်း ခေါ်ဆိုသည်။

ဖွင့်ပွဲအခမ်းအနား

မင်္ဂလာအချိန်အခါကျရောက်သည့် နံနက် ၈နာရီ ၁၀မိနစ်တွင် ဖဲကြိုးဖြတ် ဖွင့်လိုက်သည်နှင့် Mount Pleasant Hotel ကြီး၏ ကောင်းကင်ယံတွင် ဖြူ၊ နီ၊ ပြာ၊ဝါ မိုးပျံပူဖောင်းလေးများ ရုတ်တရက် ပြိုင်တူ ခုန်တက်သွားကြတော့၏။ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့ကလည်း မင်္ဂလာသြဘာလက်ခုပ်များ တီးကြသည်။ ထိုအချိန်တွင် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မင်္ဂလာစည်တော်အဖွဲ့ကလည်း အောင်စည်ရွှမ်း၍ တီးမှုတ်ဖျော်ဖြေပေးနေသည်။ ဟိုတယ်ကြီးနှင့် ဘေးပတ်ဝန်းကျင်ရှိ ဘန်ဂလိုများရှေ့တွင် မိုးပျံပူဖောင်းကြီးများ ကြိုးဖြင့်ဆိုင်းထားသည်မှာ ဧည့်ပရိသတ်များအား တစ်မျိုးတစ်ဖုံဆွဲဆောင်လျက်ရှိပေသည်။

တည်ဆောက်ခဲ့

အဆိုပါ Mount Pleasant Hotel ကြီးကို Original Group, A-1, ACE နှင့် TZTM ကုမ္ပဏီများ ပူးပေါင်းပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖွင့်လှစ်ထား

"ကျွန်တော်တို့ ဒီ Mount Pleasant Hotel ကြီးကို ၂၀၀၉ခုနှစ် မေ ၂၈ရက်ကစပြီး ဆောက်လုပ်ခဲ့ပါတယ်။ ဟိုတယ်ရဲ့ မြေဧရိယာ အကျယ်အဝန်း ၂၅ဧက ရှိပါတယ်။ အဓိကပင်မအဆောက်အအုံကတော့ Viewing Tower ဖြစ်ပြီး သုံးထပ်အဆောက်အအုံကြီးပါ။ ဒါ့အပြင် ဒီဟိုတယ်ကြီးမှာ နိုင်ငံတကာ အစည်းအဝေးများ လက်ခံကျင်းပနိုင်တဲ့ Reception Hall လည်း ပါဝင်ပါတယ်။ ယခုဖွင့်လှစ်တဲ့ တည်ဆောက်ရေး ပထမဆင့်အနေနဲ့ ဘန်ဂလို ၁၀လုံးကို ဖွင့်လှစ်ထားပါပြီ။ ကျန်တဲ့ဘန်ဂလို ၂၁လုံးကို ၂၀၁၀ခုနှစ် မတ်လမှာ ဖွင့်ဖို့ရှိပါတယ်။ ဟိုတယ်စတင်ဖွင့်လှစ်တဲ့ အထိမ်းအမှတ်အဖြစ် ခြောက်လအတွင်းမှာ လာရောက်တည်းခိုအပန်းဖြေသူတွေကို သတ်မှတ်ဈေးနှုန်းထက် ၄၀ရာခိုင်နှုန်း လျှော့ပေးသွားမှာ ဖြစ်ပါတယ်" ဟု အဆိုပါကုမ္ပဏီလေးခု ပေါင်းစုထားသည့် G-4 အုပ်စု ကုမ္ပဏီမှ ဒါရိုက်တာ ဦးရန်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

Mount Pleasant ဟိုတယ်ရှိ ဘန်ဂလိုများကို ဤသို့ လှပစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

ပင်မအဆောက်အအုံ

ဟိုတယ်၏ အဓိကပင်မအဆောက်အအုံကြီးဖြစ်သည့် Viewing Tower မှ အရပ်ရှစ်မျက်နှာသို့ တစေ့တစောင်း လှေ့လာကြည့်လိုက်ရာ အလွန်သာယာသော ရှုခင်းများကို ရှုမျှော်မဆုံး တွေ့ရသည်။ ယင်းဟိုတယ်ကြီးသည် ဥတ္တရသီရိမြို့အနီး ဖိုးဇောင်တောင်တန်းပေါ်၌ တည်ရှိနေခြင်းကြောင့် ရာသီဥတုမှာ အေးမြသာယာလျက်ရှိသည်။ ဟိုတယ်၏ အရှေ့ဘက်သို့ ရှုမျှော်ကြည့်လိုက်ရာ ရေဆင်းဆည်၊ ဥတ္တရသီရိမြို့နှင့် ပုဗ္ဗသီရိမြို့တို့ကို လက်ရာမြောက်သော သဘာဝပန်းချီကားချပ်သဖွယ် တွေ့ရသည်။ တောင်ဘက်တွင် ရွှေရောင် တဝင်းဝင်းနှင့် ဥပ္ပါတသန္တိ စေတီတော်ကြီးကိုလည်း ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ အနောက်ဘက်မှာတော့ ရေတဖွေးဖွေးနှင့် ချောင်းမကြီးဆည်၊ ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ထားသော ပြည်သူ့လွှတ်တော်၊ ငလိုက်ဆည်၏ မြင်ကွင်းအလှ၊ သာမောဖွယ်ရာ ပဲခူးရိုးမ၏ တောင်ပြာတန်းနှင့် နေဝင်ဆည်းဆာ အလှတို့ကို တွေ့ရသည်။

တည်ဆောက်မည်

အဆိုပါ ဟိုတယ်ဝန်းကျင်တွင် လာရောက်အပန်းဖြေ အနားယူသူများ တောင်ပေါ်အငွေ့အသက်ကို ခံစားနိုင်ရန်အတွက် တောင်ပတ်လမ်းများ၊ တောင်ပေါ်လျှောက်လမ်းများ၊ ကစားကွင်းများ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းဟိုတယ်ကြီးတွင် စားဖွယ်သောက်ဖွယ်များ ရရှိနိုင်မည့်အပြင် အခြားသော ဟိုတယ်တစ်ခု၏ ဝန်ဆောင်ပေးမှုများနှင့် မြန်နှုန်းမြင့် အင်တာနက်ကိုလည်း အသုံးပြုနိုင်ကြောင်း သိရသည်။

အပန်းဖြေ

သို့ပါ၍ Mount Pleasant Hotel ကြီးသည် တစ်ဦးချင်း၊ တစ်ယောက်ချင်းအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ မိသားစုအလိုက်သော်လည်းကောင်း နေပြည်တော်တွင် လာရောက်အပန်းဖြေ အနားယူသင့်သော နေရာတစ်ခုဖြစ်ပါကြောင်း ကွင်းဆင်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

Mount Pleasant Hotel ရှိ တည်းခိုဆောင်အတွင်း ပြင်ဆင်ထားမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ခရမ်း အထက(၁)နှင့်(၂) မြတ်ဆရာပူဇော်ပွဲ

နေပြည်တော် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်း ခရမ်းမြို့ အထက(၁)နှင့် အထက(၂) မြို့မကျောင်းသားကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ခရမ်းမြို့ သာသနာ့ဗိမာန်တော် သက်မြာရဇိန်သွန်းဘုရားကြီး၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသက် (၆၀)ကျော် ဆရာကြီး ဆရာမကြီးများ ကြွရောက်အပူဇော်ခံကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေများကို ဦးရွှေ ဖုန်း-၀၉-၅၀-၀၇၁၆၂၊ ဦးသန်းငြိမ်း ဖုန်း-၀၉-၅၁-၀၉၄၃၁၊ ဦးမြင့်စိုး ဖုန်း-၀၉-၅၀-၄၀၇၇၃၊ ဦးသောင်းတင် ဖုန်း-၀၉-၈၆-၄၅၂၁၆၊ ဦးအောင်သန်းဝင်း ဖုန်း-၀၉-၅၁-၅၃၉၁၉ နှင့် ဒေါ်ခင်အေးယု ဖုန်း-၀၁-၅၄၂၀၂၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရန်ကုန်မြို့မှ လိုက်ပါပူဇော်ခံမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူများအား ရန်ကုန်-ခရမ်းကားဂိတ် (အောဘီစီ-ရွှေခြသေ့်ကားဂိတ်)မှ ယင်းနေ့ နံနက် ၇နာရီတွင် စောင့်ကြိုပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဝန်းကျင်နှင့် သစ်လွင်သော ခေတ်မီ တောင်ပေါ်အပန်းဖြေဟိုတယ်၏ အလှမြင်ကွင်းအမုံမုံ

သစ်လွင်လှပသော ဘန်ဂလိုများကို ပုံစံဒီဇိုင်းလှလှ ဤသို့ အစီအရီ တည်ဆောက်ထားသည်။ (မြန်မာ့အလင်း)

ဟိုတယ်ပရိဝုဏ်အတွင်း အပန်းဖြေလာရောက်ကြသူများ ယာဉ်ငယ်လေးများဖြင့် လှည့်လည်ကြည့်ရှုလေ့လာနိုင်ရန် ဤသို့ စီစဉ်ပေးထားသည်။ (မြန်မာ့အလင်း)

Mount Pleasant Hotel ၏ ရှုခင်းမြင်ကွင်းအလှ တစ်စိတ် တစ်ဒေသ။ (မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု-လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

Mount Pleasant Hotel ရှိ Reception Hall နှင့် ဝန်းကျင်အလှ။ (မြန်မာ့အလင်း)

နိုင်ငံတကာအဆင့်မီ ဟိုတယ်၏ အသွင်အပြင်အခင်းအကျင်းနှင့် မြင်ကွင်းပသာဒ။ (မြန်မာ့အလင်း)

အကောင်းဆုံးသော မူဝါဒ

ယနေ့အခြေအနေတွင် အရေးကြီးသော အမေးပုစ္ဆာ တစ်ပုဒ် ထွက်ပေါ်လာပါသည်။ ပြည်သူလူထု မျှော်လင့်တကြီးစောင့်စား လျက်ရှိနေကြပေသည်။ ခေတ်ရေစီးနှင့် တန်ပြန်ရေစီး ဘယ်လမ်းကြောင်းကို ရွေးချယ်မည်နည်း။

သမူဟနှင့် ဝိရောဓိ ဘာကိုယူမည်နည်း။

ပူးပေါင်းဆောင်ရွက်ရေးကို လိုက်မည်လား။

ထိပ်တိုက်ပိတ်ဆို့တားဆီးရေးကိုပဲ ကြိုက်သည်လား။

လက်တွေ့ဖြစ်စဉ် အခြေအနေအရပ်ရပ်က ထုတ်ဖော်ပေး လိုက်သောအဖြေမှာ ခေတ်ရေစီးကြောင်းနှင့်အညီ ရွေးချယ်ရန်ပင် ဖြစ်လေသည်။ ထိုဆုံးဖြတ်ချက်သည် အမှန်ကန်ဆုံး မဟုတ်ပါလား။ သမူဟလမ်းကြောင်းသည် နှစ်ဦးနှစ်ဖက်သားသာမက ပြည်သူလူထုနှင့် နိုင်ငံလူမျိုးအတွက် အားလုံး အကျိုးရှိစေနိုင်ကြောင်း ထင်ရှားပေါ်လွင်ပါသည်။ မြင်နိုင်ပါသည်။

ပူးပေါင်းဆောင်ရွက်ရေးသည်သာ မိမိကိုယ်ကျိုး ကိုယ့်ဆန္ဒထက် အနာဂတ်သာယာလှပရေးကို အမြော်အမြင်ရှိစွာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အားလုံးလက်ခံ နားလည်ကြပါသည်။ ပြည်သူအားလုံးက လှိုက်လှဲစွာ ကြိုဆိုကြမည်သာ ဖြစ်သည်။

အနာဂတ်ကို အမြော်အမြင်ဖြင့်သာ ကောင်းစွာ တည်ဆောက်နိုင်ပါလိမ့်မည်။ အနာဂတ်သည် မကြာမီပင် မလွဲမသွေ ရောက်ရှိလာမည် ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလတွင် မည်သူက မည်မျှရိုးသားသနည်း၊ မည်မျှ ကောင်းကျိုးရလဒ်ပေါ်ထွက်အောင် ဆောင်ရွက်နိုင်စွမ်းရှိသနည်း၊ မည်မျှအမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသနည်း၊ နိုင်ငံနှင့် ပြည်သူတို့ အကျိုးစီးပွားအတွက် မည်မျှအလေးထား စဉ်းစားဆုံးဖြတ်သနည်း။

မောင်ရွှေနီ

ဤအဖြေ၏ ကောင်းမွေဆိုးမွေကို မခေါ်ချင်လျှင်နေ၍ရသော်လည်း မတော်ချင်ဘဲနေ၍မရသော မိမိတို့မိသားစုသည် အတူတကွ စံစားခံစားကြရမည်ကား မလွဲဧကန်တရားမဟုတ်လား။ နိုင်ငံတော်၏ ပြင်ပက ဘယ်သူဘယ်ဝါကိုများ အားကိုးအားထား ရှာဖွေချင်ပါသေးသနည်း။

နှစ်ပေါင်းများစွာ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသော ညီအစ်ကို သွေးချင်းသားချင်း အဖွဲ့အသင်းအားလုံးလိုလိုကို နှစ်ပေါင်း (၂၀)

အတိတ်အမွေ အခုအခံ အစွဲအလမ်းဟောင်းများကို ဆက်လက်ဖက်တွယ်ပြီး ပိတ်ဆို့ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အကျပ်ကိုင် အနိုင်ယူရေးတို့ လုပ်ဆောင်နေဦး မည်ဆိုလျှင် အချိန်ကြာရုံ၊ နှောင့်ယှက်ဟန့်တားရုံသာရှိမည်။ လုံးဝ မအောင်မြင်နိုင်။ ပြည်သူတို့၏ ဆန္ဒသဘောထားနှင့် ဝေးသည်ထက် ဝေး၍သာ သွားရှာပေတော့မည်။ လူထုက စိတ်ပျက်စွာ ခေါင်းခါကြလိမ့်မည်။ နိုင်ငံတကာဖြစ်ရပ်များကို ကြည့်ပါ။

အကျပ်ကိုင်ခြင်း၊ တိုက်ခိုက်သတ်ပုတ်ခြင်း၊ တင်းမာအငြင်းပွားနေခြင်းများ၏ ဆိုးကျိုးအနိဋ္ဌာရုံများ၊ တရားသံဝေဂရစရာ။ ချစ်ခင်စည်းလုံးမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြီးမားခမ်းနားသော အောင်မြင်ဖွံ့ဖြိုးတိုးတက်မှုများ။ အင်မတန် မြင်သာထင်ရှား။

အတိတ်အမွေ အခုအခံ အစွဲအလမ်းဟောင်းများကို ဆက်လက်ဖက်တွယ်ပြီး ပိတ်ဆို့ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အကျပ်ကိုင် အနိုင်ယူရေးတို့ လုပ်ဆောင်နေဦးမည်ဆိုလျှင် အချိန်ကြာရုံ၊ နှောင့်ယှက်ဟန့်တားရုံသာရှိမည်။ လုံးဝ မအောင်မြင်နိုင်။ ပြည်သူတို့၏ ဆန္ဒသဘောထားနှင့် ဝေးသည်ထက် ဝေး၍သာ သွားရှာပေတော့မည်။ လူထုက စိတ်ပျက်စွာ ခေါင်းခါကြလိမ့်မည်။ နိုင်ငံတကာဖြစ်ရပ်များကို ကြည့်ပါ။

အကျပ်ကိုင်ခြင်း၊ တိုက်ခိုက်သတ်ပုတ်ခြင်း၊ တင်းမာအငြင်းပွားနေခြင်းများ၏ ဆိုးကျိုးအနိဋ္ဌာရုံများ၊ တရားသံဝေဂရစရာ။ ချစ်ခင်စည်းလုံးမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြီးမားခမ်းနားသော အောင်မြင်ဖွံ့ဖြိုးတိုးတက်မှုများ။ အင်မတန် မြင်သာ ထင်ရှားသည်။

မာန၊ အာဃာတ၊ ဗျာပါဒသည် သူတစ်ပါးကို နှိပ်စက်ဖိနှိပ်ဖို့ ကြိုးစားရင်းက မိမိကိုယ်တိုင်စိတ်ဆင်းရဲ၊ ပူလောင်ကျွမ်းမြည့်ရသည်ကို သင်ခန်းစာယူသင့်ပါလေပြီ။ ခွင့်လွှတ်ခြင်း၊ မေတ္တာထားခြင်း၊ ကောင်းကျိုးလိုလား စေတနာထားခြင်းသည်သာ သာယာချမ်းမြေ့စေပါသည်။

အနာဂတ်ကို ဆန္ဒစွဲ၊ အတ္တစွဲတို့ဖြင့် တည်ဆောက်၍မရပါ။ မိမိဖြစ်ချင်တာတစ်ခုတည်းနှင့် လောကကြီးကို ဖြိုခွဲဖျက်ဆီးရန် မကြံစည်ပါနှင့်၊ မဖြစ်နိုင်ပါ။ အလုံးစုံပျက်သုဉ်းရေး၊ အကြွင်းမဲ့ချေမှုန်းရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ ဗျာပါဒ၏ အသုံးမဝင်၊ အကျိုးမရှိပုံကို နှစ်ကာလပေါင်း (၂၀)က အထင်အရှား သက်သေပြခဲ့ပြီးပေပြီ၊ ဆက်လက်ပြီး ဘာကြောင့် ဆုပ်ကိုင်ဖက်တွယ်ရပါမည်နည်း။ သင်ခန်းစာယူကြပါစို့။

အတွင်း စည်းလုံးညီညွတ်အောင် အခက်အခဲ အမျိုးမျိုးကြားက တည်ဆောက်နိုင်ခဲ့ကြသည်။ လက်ရှိအစိုးရ၏ စေတနာမေတ္တာနှင့် ထက်မြက်ကြီးမားသော စွမ်းပကားကို သမိုင်းကြောင်းနှင့်ယှဉ်၍ ထင်ဟပ်ကြည့်အပ်ပါသည်။ အတွေ့အကြုံ၊ စိတ်ရင်းစေတနာနှင့် ဖန်တီးတည်ဆောက် ဖော်ဆောင်နိုင်မှုစွမ်းရည်ကို လျှော့မတွက်သင့်။ အနီးဆုံးလူနှင့် ရန်စောင်ချင်ပြီး အဝေးက မိမိနှင့် အကျိုးစီးပွားချင်း ကွဲပြားသူနှင့် လက်ဝါးချင်းရိုက်ချင်လျှင် သင့်တော်ပါမည်လား။ အဝေးကလူသည် တော်ကောင်း တော်ပါလိမ့်မည်၊ သို့သော် ကောင်းမကောင်း ဆန်းစစ်လျှင်မူ ကိုယ့်အပေါ် ကောင်းရန် ခဲယဉ်းလှသည်။

ကောင်းမကောင်းဆိုတာက သူ့နိုင်ငံ၊ သူ့တိုင်းပြည်၊ သူ့အကျိုးစီးပွားကိုသာ ဦးစားပေးကြောင်း ထင်ရှားနေပါသည်။ ဝါဒမတူလို့ဆိုပြီး ပုတ်ခတ်တိုက်ခိုက်တတ်သော်လည်း ဝါဒတူလို့ဆိုပြီး မကူညီပါ။ အုပ်စုတူလို့ဆိုပြီးလည်း အနစ်နာခံ မကူညီပါ။ မည်သူမဆို သူ့နိုင်ငံ၏ အကျိုးစီးပွားကိုသာ အဓိကဦးစားပေး လုပ်ဆောင်နေကြသော ခေတ်ကာလမျိုးဖြစ်ပါသည်။ သူ့အတွက် အကျိုးမရှိတာ ဘာမှ လုပ်မပေးပါ၊ သူ့အတွက် အကျိုးရရှိမှာဆိုလျှင် ကမ္ဘာ့ဟိုဘက်ခြမ်းအထိလာပြီး ခြိမ်းခြောက်ဖို့လည်း ဝန်မလေး၊ အရှက်မရှိ၊ အကြောက်မရှိ၊ သူ့အကျိုးသက်သက်ကိုသာ ကြည့်၏။ ဘာကျင့်ဝတ်မှလည်း မရှိ။ Might is Right.

ဤမျှထင်ရှားစိုင်းပြီး အနိုင်ကျင့်ဗိုလ်ကျချင်သော ခေတ်မျိုးထဲတွင် ကျွန်ုပ်တို့၏လွတ်လပ်ရေးကို ကာကွယ်ကြဖို့၊ အချုပ်အခြာအာဏာကို ရှင်သန်ခိုင်မာအောင် ကာကွယ်ကြဖို့ဆိုသည်မှာ စစ်ရေးအင်အားတစ်ခုတည်းနှင့် မရနိုင်၊ နိုင်ငံရေးစွမ်းရည် တစ်ဖက်တည်းနှင့်လည်း မဖြစ်နိုင်၊ စီးပွားရေး တောင့်တင်းခိုင်မာရုံမျှနှင့်လည်း မပြီးသေး။ ပြည်သူအများ နားမျက်စိပွင့်ကာ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာဖို့လည်း အရေးကြီးပါသေး။

အားလုံးညီညာ စုပေါင်းကာကွယ်လျှင် မည်သူကမှ စော်ကားကျူးကျော်ရဲမည် မဟုတ်ပါ။ ဘယ်သူက အရေးပါသည်၊ ဘယ်ဝါက အရေးမကြီးဘူးဟု အချင်းချင်းအတို အရှည်၊ အနိမ့်အမြင့်၊ ရှေ့နောက်၊ ငြင်းခုံအပြစ်ဆိုနေရမည့် အချိန်မျိုးမဟုတ်။

ညီညာစွာ ပူးပေါင်းလျက် အမျိုးသား အကျိုးစီးပွားကို ကျရာနေရာမှ ပါဝင်ထမ်းရွက်ကြရမည့် အရေးကြီးသော အချိန်ကာလမျိုးဖြစ်၏။ ဘယ်သူဘယ်ဝါ၏ စွက်ဖက်ခြယ်လှယ်မှုမှ မပါသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလည်း ပြည်သူတစ်ရပ်လုံး၏ ဆန္ဒမဲဖြင့် အပြည့်အဝထောက်ခံ အတည်ပြုပြီးခဲ့ပြီ။

အတည်ပြုပြီးသော ဥပဒေကို သူတို့နှင့်ဆွေးနွေး၍ ပြင်ပေးရမည်၊ တွေ့ခွင့်ပေးပါ၊ တွေ့ချင်ပါသည် တောင်းဆိုသောစကားက ဖြစ်နိုင်သည်၏ ဟိုမှာဘက်သို့ ၇၅ဘူတာလောက် လွန်သွားပြီ။ ဒီမိုကရေစီနည်းအရ လွတ်လပ်စွာ မဲပေးအတည်ပြုထားပြီးသော အခြေခံဥပဒေကို လူတစ်စု လူတစ်ဖွဲ့က ဖြုတ်ချင် ဖြည့်ချင်လို့ ရပါ့မလား။ လက်ရှိအစိုးရကကော ပြည်သူလူထုမျက်နှာကို ထောက်ထားရမည်လား။ မျက်ထောင့်နီနှင့် ခါးထောက်၊ မေးမော့မာန်တင်းနေသော လူတစ်အုပ်စုကို ကြောက်ပြီး အလျှော့ပေးရမည်လား။

မဖြစ်နိုင်တာတွေကို တမင် ဘာကြောင့် တောင်းဆိုနေရသနည်း။ ဟန့်တားနှောင့်ယှက်ဖျက်ဆီးရန် ကြံရွယ်ချက်မှတစ်ပါး အခြားမရှိ။ ဒီမိုကရေစီကို လိုလားပါသည်။ ထွန်းကားစေချင်ပါသည်ဟု ပါးစပ်က အော်ဟစ်ခဲ့ပြီး လက်တွေ့မှာ ဒီမိုကရေစီကျင့်စဉ်ကို ပြင်ပေးပါ၊ ဖျက်ပေးပါဟု တောင်းဆိုလာလျှင် ထိုသူသည် အပြောနှင့်အလုပ် ညီညွတ်ပါဦးမည်လော။

အခြေခံဥပဒေကို ပြည်သူတွေ အတည်ပြုထားသည်မို့ ဘယ်သောအခါမှ မပြင်ရဘူးဟု မဆိုလိုပေ။ အခြေအနေ၊ အချိန်အခါအရ ပြင်ဖို့လိုလာပါလိမ့်မည်။ ဘယ်မှာပြင်ကြရမလဲ၊ ပြည်သူလူထု ရွေးချယ်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်က ပြင်ဆင်ကြပေလိမ့်မည်။ ဘယ်အချိန်မှာ ပြင်မှာလဲ၊ သင့်တော် လျော်ကန်သောအချိန်မှာ ပြင်စရာကို ပြင်ကြပါလိမ့်မည်။ ပြည်သူလူထု အာဏာပိုင်စိုးသော ဒီမိုကရေစီစနစ်ကို ပျိုးထောင်လေ့ကျင့်သွားကြရမည် ဖြစ်ပါသည်။ ဒီမိုကရေစီကို ကျွန်ုပ်တို့အားလုံးက လိုလားလက်ခံကြသည်။

နောင်တစ်ချိန် တစ်ခါတွင် နိုင်ငံတကာ အခြေအနေ၊ နိုင်ငံတော်၏ အခြေအနေအရ လွှတ်တော်ထဲတွင် တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်ရန် မလိုအပ်တော့ဘူးဟု ပြည်သူလူထုက သုံးသပ်ဆုံးဖြတ်သောတစ်နေ့၊ ပြည်သူလူထု၏ကိုယ်စားလှယ် လွှတ်တော်အဖွဲ့များက ချမှတ်သော ဥပဒေအတိုင်း တပ်မတော်က နာခံဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင်ကား ပြည်တွင်းပြည်ပ အခြေအနေအရပ်ရပ်ကို သုံးသပ်လျှင် ဤအခြေခံဥပဒေသည် လူထုလူတန်းစား အသီးသီး၊ နိုင်ငံရေးပါတီအသီးသီးက အကြိမ်ကြိမ်အဖန်ဖန် အနုလုံ၊ ပဋိလုံ ဝေဖန်သုံးသပ်ပြီးမှ အကောင်းဆုံးရေးဆွဲ အတည်ပြုခဲ့ကြခြင်း ဖြစ်သဖြင့် အသင့်လျော်ဆုံး ဖြစ်ပါသည်။ တစ်သက်လုံးမွေးလာသည့်ကြက်ကို တစ်ချက်တည်းဖြင့် ရိုက်သတ်လိုက်ချင်၍ မဖြစ်သေး။

ပြည်သူလူထုတစ်ရပ်လုံးက လျှို့ဝှက်မဲပေးပြီး နိုင်ငံအဝန်း ဆန္ဒပြုထောက်ခံခဲ့သော ဥပဒေလည်းဖြစ်သည်။ တရားမျှတ မှန်ကန်စွာဆောင်ရွက်ခဲ့သော ရလဒ်လည်း မှန်သည်။ နိုင်ငံတကာ သံအမတ်ကြီးများ၊ စစ်သံမှူးများ အနယ်နယ်အရပ်ရပ်ရှိ မဲရုံများသို့ မဲရုံအခြေအနေ၊ မဲရေတွက်ပုံ၊ မဲပေးပုံများကို အသေးစိတ် မေးခွင့် ကြည့်ခွင့် ပြုခဲ့သည်။ ကမ္ဘာက အသိအမှတ်ပြုပြီးပြီ။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ပျက်ပြားအောင် မီဒီယာပေါင်းစုံက ခြောက်လှန့်ကန့်ကွက် နှောင့်ယှက်ဖျက်ဆီး လှုံ့ဆော်ခဲ့ပါသော်လည်း ပြည်သူလူထုကား အပြုံးမပျက်၊ မင်းတို့ခြောက်လို့လည်း ဒို့မကြောက်။ မင်းတို့မြှောက်လို့လည်း ဒို့မမြောက်။ နိုင်ငံတကာဖြစ်စဉ်များနှင့် ပြည်တွင်းပြည်ပ အခြေအနေ အရပ်ရပ်ကို ထင်သာမြင်သာ ပွင့်လင်းစွာ ထိတွေ့သိမြင်လာကြသော ခေတ်အခါဖြစ်၏။

လိမ်တာကို လိမ်မှန်းသိပါ၏။

အနှစ်မပါ အကာသက်သက်တွေလုပ်ပြီး ဟန်ရေးပြနေပုံကို အပိုသက်သက်တွေဟု နားလည်ကြ၏။

မိတ်ဆွေဖြစ်လိုပါသည် ပါးစပ်ကပြောပြီး လက်ထဲက ပိတ်ဖို့ ဆို့ဖို့၊ အကျပ်ကိုင်ဖို့ အစီအစဉ်တွေပဲ ဆက်လက်ဆုပ်ကိုင်ထား လျှင် ရှေ့နောက်ညီညွတ်ပါ၏လော။ အ
တစ်မျိုးဖြစ်လျှင် မအောင်မြင်နိုင်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ
ဆွေးနွေးပြီး ပြန်ပြင်ပေးရမည်ဟု တောင်း
ပြည်သူအချို့က အံ့အားတသင့် ဒေါသ

"ဟ… သူတို့ကဘာတွေမို့ ပြ
ထားတာကို ဖြုတ်ချင်ဖြည့်ချင် ရတာ
ရူးနေကြလေသလားကွာ" ဟု စိတ်ကုန်

သို့သော် ပြည်သူလူထုက သ
သည်။ နိုင်ငံတော်အကြီးအကဲက စိတ်ရှ
တရား ကြီးမားပါသည်။ စာနာမှု ပေးခဲ့
နိုင်တာ လိုက်လျောခဲ့ပါသည်။

မိုက်တာရှိလည်း ခွင့်လွှတ်လိုက်ပြ
မှားတာရှိလည်း သည်းခံလိုက်ပြီ၊
မှန်းစရာလုပ်သော်လည်း အမျက်
မေတ္တာတရားနှင့် အချစ်အခင်မပျ
ရင်ထဲက သံယောဇဉ်ကို အဝေးလူဘယ်
မပစ်ပယ်ရက်ရှာပေ။

ဂျာနယ်တစ်စောင်မှ အယ်ဒီတာတ
၂၀၀၉နေ့ထုတ် ဂျာနယ်၏ အယ်ဒီ
"လက်အားလုံး ထုတ်ပြထားခြင်းသာ
ညီညွတ်မှု ရရှိစေခြင်း၏ အကြောင်းတရ
အမြော်အမြင်ပြည့်ဝစွာ သတိပေးတရား
ဟန်ဆောင်ဖုံးကွယ်မှုတွေ ဖယ်ရှားလိုက်

သားစဉ်မြေးဆက် အနာဂတ်ကို အ
မည့်သူများ မဟုတ်ပါလား။ အမျိုးသားစ
ဒီမိုကရေစီရေးကို အမှန်တကယ်သာ လ
တစ်နပ်စား အရောင်းအဝယ်လို သဘော

တစ်ဦးကိုတစ်ဦး ဝှက်ဖဲမထား
ဉာဏ်နီ ဉာဏ်နက်မသုံးဘဲ ပွင့်လင်းကြ
တာတွေ၊ မဖြစ်နိုင်တာတွေနဲ့တွဲပြီး ကွေ့
ပြောနေရမည့် အခြေအနေမဟုတ်ပါ။

ရိုးသားဖို့ လိုပါသည်။

ဖြောင့်မတ်ဖို့ လိုပါသည်။

**"ရိုးသားဖြောင့်မှန်ခြင်းသည် အ
ဖြစ်သည်"** ဟု ကျွန်ုပ်တို့က ယုံကြည်

ပြည်သူလူထုတစ်
လျှို့ဝှက်မဲပေးပြီး နို
ဆန္ဒပြု ထောက်
ဥပဒေလည်းဖြစ်သ
မျှတ မှန်ကန်စွာ
ခဲ့သောရလဒ်လည်း
နိုင်ငံတကာ သံအ
များ၊ စစ်သံမှူးများ အ
အရပ်ရပ်ရှိ မဲရုံမျ
အခြေအနေ၊ မဲ
မဲပေးပုံများကို အ
မေးခွင့် ကြည့်ခွင့်
ကမ္ဘာက အသိအမှ

လျှင် ရှေ့နောက်ညီညွတ်ပါ၏လော။ အပြောတစ်မျိုး အလုပ်တစ်မျိုးဖြစ်လျှင် မအောင်မြင်နိုင်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို သူတို့နှင့် တွေ့ဆုံဆွေးနွေးပြီး ပြန်ပြင်ပေးရမည်ဟု တောင်းဆိုသံကို ကြားရသော ပြည်သူအချို့က အံ့အားတသင့် ဒေါသဖြစ်ကြသည်။

“ဟ… သူတို့ကဘာတွေမို့ ပြည်သူလူထု အတည်ပြုထားတာကို ဖြုတ်ချင်ဖြည့်ချင် ရတာလဲကွ။ ဘဝင်မြင့်ပြီး ရူးနေကြလေသလားကွာ”ဟု စိတ်ကုန်စွာ ဝေဖန်သည်။

သို့သော် ပြည်သူလူထုက သဘောထားရင့်ကျက်ပါသည်။ နိုင်ငံတော်အကြီးအကဲက စိတ်ရှည်သည်းခံ၍ မေတ္တာတရား ကြီးမားပါသည်။ စာနာမှု ပေးခဲ့ပါသည်။ လိုက်လျောနိုင်တာ လိုက်လျောခဲ့ပါသည်။

မိုက်တာရှိလည်း ခွင့်လွှတ်လိုက်ပြီ၊

မှားတာရှိလည်း သည်းခံလိုက်ပြီ၊

မုန်းစရာလုပ်သော်လည်း အမျက်အအီမထား၊

မေတ္တာတရားနှင့် အချစ်အခင်မပျက် မိဘနှင့် သားသမီးရင်ထဲက သံယောဇဉ်ကို အဝေးလူဘယ်သို့ပင်ရှို့ရှို့ တိုက်တိုက်၊ မပစ်ပယ်ရက်ရှာပေ။

ဂျာနယ်တစ်စောင်မှ အယ်ဒီတာတစ်ဦးကတော့ ၅-၁၂-၂၀၀၉နေ့ထုတ် ဂျာနယ်၏ အယ်ဒီတာ့အာဘော်မှ နေ၍ “လက်အားလုံး ထုတ်ပြထားခြင်းသာ အမျိုးသားစည်းလုံးညီညွတ်မှု ရရှိစေခြင်း၏ အကြောင်းတရားဖြစ်ပါလိမ့်မည်”ဟု အမြော်အမြင်ပြည့်ဝစွာ သတိပေးတရား ရေးသားခဲ့ပါသည်။ ဟန်ဆောင်ဖုံးကွယ်မှုတွေ ဖယ်ရှားလိုက်ပါ။

သားစဉ်မြေးဆက် အနာဂတ်ကို အတူတကွ ဖန်တီးကြရမည့်သူများ မဟုတ်ပါလား။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီရေးကို အမှန်တကယ်သာ လိုလားပါသည်ဆိုလျှင် တစ်နပ်စား အရောင်းအဝယ်လို သဘောမထားသင့်ပါ။

တစ်ဦးကိုတစ်ဦး ဝှက်ဖဲမထားဘဲ လုပ်ကြရပါမည်။ ဉာဏ်နီ ဉာဏ်နက်မသုံးဘဲ ပွင့်လင်းကြရပါမည်။ အကျပ်ကိုင်တာတွေ၊ မဖြစ်နိုင်တာတွေနဲ့တွဲပြီး ကွေ့ပတ်ဝေ့လည် ဘေးချော်ပြောနေရမည့် အခြေအနေမဟုတ်ပါ။

ရိုးသားဖို့ လိုပါသည်။

ဖြောင့်မတ်ဖို့ လိုပါသည်။

“**ရိုးသားဖြောင့်မှန်ခြင်းသည် အကောင်းဆုံးသော မူဝါဒဖြစ်သည်**”ဟု ကျွန်ုပ်တို့က ယုံကြည်ထားကြပါသည်။ ။

ပြည်သူလူထုတစ်ရပ်လုံးက လျှို့ဝှက်မဲပေးပြီး နိုင်ငံအဝန်းဆန္ဒပြု ထောက်ခံခဲ့သော ဥပဒေလည်းဖြစ်သည်။ တရားမျှတ မှန်ကန်စွာ ဆောင်ရွက်ခဲ့သောရလဒ်လည်း မှန်သည်။ နိုင်ငံတကာ သံအမတ်ကြီးများ၊ စစ်သံမှူးများ အနယ်နယ် အရပ်ရပ်ရှိ မဲရုံများသို့ မဲရုံအခြေအနေ၊ မဲရေတွက်ပုံ၊ မဲပေးပုံများကို အသေးစိတ် မေးခွင့် ကြည့်ခွင့် ပြုခဲ့သည်။ ကမ္ဘာက အသိအမှတ် ပြုပြီးပြီ။

ဆရာဝန်အသင်း (ရန်ကုန်) နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်)၏ ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၂၆ရက် (စနေနေ့) နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ (မပျက်မကွက်) တက်ရောက်ကြပါရန်နှင့် အသင်းသူ၊ အသင်းသားများတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စုပေါင်းလမ်းလျှောက်

ဒီဇင်ဘာ ၁၉ရက်က ၂၀၀၉ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်၌ ကျင်းပစဉ်။ (သတင်း-၃) (သတင်းစဉ်)

ပဲခူးမြို့ ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ပဲခူးမြို့ ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၇ရက် မွန်းလွဲ ၁နာရီက သီရိဟံသာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့ အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

ဆိုင်းဘုတ်တင်

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့် (ရုံးအဖွဲ့မှူး)က ဆောင်ရွက်ပြီး သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်သူရက အမှာစကားပြောကြားသည်။ ဆက်လက်၍ အဖွဲ့ခေါင်းဆောင် ဦးရန်ပိုင်စိုး (တွဲဖက်အတွင်းရေးမှူး-၁)က မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်း၍ ဥက္ကဋ္ဌ ဥက္ကလာဦးတင်ငွေ၊ ဒုတိယဥက္ကဋ္ဌ ကျားသိဟ ကိုလှအောင်၊ အတွင်းရေးမှူး ဦးမျိုးကြီး၊ တွဲဖက်အတွင်းရေးမှူး ကိုနိုင်၊ ဘဏ္ဍာရေးမှူး ဦးမျိုးဆွေ၊ စည်းရုံးရေးမှူး မောင်သိန်း၊ ပြန်ကြားရေးမှူး ဥသာတင့်ဆန်းလေး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးသိန်းအောင်၊ ဦးဗညား၊ စန္ဒရားဦးနိုင်ဆန်းနှင့် ဦးညွန့်ဝေတို့ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီခန့်အပ်လွှာကို ဗဟိုအလုပ်အမှုဆောင် နေပြည်တော် ပျဉ်းမနား ဦးမြင့်လှိုင် (ပြန်ကြားရေးမှူး)က ပေးအပ်ပြီး မြို့နယ်ဂီတအစည်းအရုံး ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို ကျင်းပသည်။

(ဂီတအစည်းအရုံး)

တပ်မတော် (ကြည်း၊ ရေ၊ လေ) လေ့လော့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

၂၀၀၉ခုနှစ်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) လေ့လော့ပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် မွန်းလွဲပိုင်းတွင် တပ်မတော်(ရေ) လေ့လော့ရွက်တိုက်အသင်း(အင်းလျားကန်)၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စားရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အားပေး

အဆိုပါအခမ်းအနားသို့ တပ်မတော် အရာရှိကြီးများ၊ အရာရှိ/စစ်သည်များနှင့် မိသားစုများ၊ မြန်မာနိုင်ငံ လေ့လော့အဖွဲ့ချုပ်နှင့် ရွက်လှေအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြပြီး ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) လေ့လော့ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေတပ်သင်္ဘောကျင်း ဌာနချုပ် ဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရေထွက်ပစ္စည်းဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အဖွဲ့ချုပ်၏ ဧကာဒသမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၁ရက် (စနေနေ့) နံနက် ၉နာရီတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

နှစ်ပတ်လည်အစည်းအဝေးသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အသင်းဝင် လုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၊ အအေးခန်း စက်ရုံနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ၊ ရေချိုငါးဖမ်းလုပ်ငန်းရှင်များ၊ ကဏန်းလုပ်ငန်းရှင်များ၊ ငါးရှဉ့်လုပ်ငန်းရှင်များ၊ အလှမွေးငါးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် အခြားဖိတ်ကြားသင့်သူများကို ဖိတ်ကြားထားသည်။

ဈေးပွဲတော်တွင် မြန်မာ့ရေထွက်ပစ္စည်းများဖြင့် ချက်ပြုတ်သည့် ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်များ၊ အသင့်စားသုံးနိုင်ရန် ပြုပြင်ထုတ်လုပ်ထားသည့် မြန်မာ့ရေထွက် ပစ္စည်းထုတ်ကုန် အရောင်းဆိုင်များနှင့် လူသုံးပစ္စည်း အရောင်းဆိုင်များ၊ မြန်မာ့ရေထွက်ပစ္စည်းများနှင့် သက်ဆိုင်သည့် ပညာပေးပြခန်းများ ပါဝင်ရောင်းချ ပြသကြမည်ဖြစ်သည်။

ဖျော်ဖြေရေး

ဈေးပွဲတော်ကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၃ရက် နံနက် ၁၀နာရီခွဲတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဇန်နဝါရီ ၂၃ရက်မှ ၄ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ည၁၀နာရီအထိ ခင်းကျင်းရောင်းချ ပြသကြမည်ဖြစ်သည်။ ဈေးပွဲတော်လာ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ရန်အတွက် ဖျော်ဖြေရေးအစီအစဉ်များ ပါရှိမည်ဖြစ်သည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၁၁ရက်က အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း (မူလွန်) ဗဟန်းမြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင့်အေးအေးက ငါးနှစ်ဆက်တိုက် ကျောင်းတက်မှန် ဆုရရှိသော ဆရာမ ဒေါ်စောခင်နန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ
၇:၅၀ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၇။ အကပြိုင်ပွဲ
၈:၁၀ ၈။ မြောင်းမြမြို့ရဲ့ ကျက်သရေဆောင် ကံကြီးတံတားက အလှဂုဏ်ဆောင်
၈:၂၀ ၉။ တေးဂီတအစီအစဉ်
၈:၃၀ ၁၀။ International News
၈:၃၅ ၁၁။ Crossroads Cafe (Episode-16) (The Bottonm Line)
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၅၆)
၁၂:၃၀ ၅။ Golf Magazine(TV)
၁၂:၄၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **လန်းနဲ့လမ်း** နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင် [ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးပိုက်)]
၁၄:၃၀ ၇။ မြန်မာ့အလှဖြာဝေ ကိုကိုးကျွန်းရေမြေ
၁၄:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၅၀ ၉။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ ကုသမနေး တီဘီဘေး
၅:၁၅ ၈။ တေးဂီတအစီအစဉ်
၅:၂၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **ဟာဒယလက်ဖက်ရည်ဝိုင်း** ကောင်းခန့်၊ ပြာလောင်၊ သိန်းဇံ၊ ကျင်ဝှက်၊ ရာဇာ ပေါက်စီ (ဒါရိုက်တာ-သော်ကိုကိုကျော်)
၆:၄၀ ၁၃။ တေးဂီတစီအစဉ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၁၁)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၇၀)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာ ချစ်သံသာ** (အပိုင်း-၂၂)
၂၀။ **ရုပ်သံကြယ်ပွင့်များ**
၂၁။ အစီအစဉ်ပြီး၏။

အရှေ့ပိုင်းဒေသများတွင် ညအပူချိန်လျော့နိုင်

နေပြည်တော် ဒီဇင်ဘာ ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

သမိုင်းအမြေမှန်ဖြစ်သော ဒို့တာဝန်အရေးသုံးပါး

သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ''သမိုင်းအမြေမှန်ဖြစ်သော ဒို့တာဝန်အရေးသုံးပါး'' သုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ယနေ့နံနက် ၉နာရီတွင်ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာခင်မောင်ညွန့်၊ ဦးကျော်နှင့် ဒေါ်အုန်းကြည်၊ ပြင်ပပညာရှင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

(အပေါ်ပုံ)

ဆက်လက်၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်က စာတမ်းဖတ်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာတမ်းပွဲ

ယင်းနောက် စာတမ်းဖတ်ပွဲကို စတင်ကျင်းပရာ အလှည့်ကျသဘာပတိများအဖြစ် ဒေါက်တာတိုးလှ၊ ဒေါက်တာကျော်ဝင်း၊ ဒေါက်တာခင်မောင်ညွန့်နှင့် ဒေါ်အုန်းကြည်တို့က ဆောင်ရွက်ကြပြီး နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် မြန်မာသမိုင်းအဖွဲ့ဝင် ဒေါ်အုန်းကြည်က ''မြန်မာနိုင်ငံရေး (၁၉၀၀-၁၉၂၀) စည်းလုံးခြင်းသည် အင်အား'' စာတမ်းနှင့် မြန်မာသမိုင်းအဖွဲ့အတွင်းရေးမှူး ဒေါက်တာကျော်ဝင်းက ''မြန်မာ့နိုင်ငံရေး စနစ်ပြောင်းကာလ (၁၉၆၂-၁၉၈၈) တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ တည်ဆောက်ရေး လုပ်ဆောင်ချက်များ'' စာတမ်းတို့ကို ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ဝင် ဦးကျော်က ''မြန်မာနိုင်ငံရေး (၁၉၃၇-၁၉၄၅)'' စာတမ်းနှင့် မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်က ''ယဉ်ကျေးမှုအမွေ (Cultural Heritage)'' စာတမ်းတို့ကို ဖတ်ကြားကြသည်။

ဖတ်ကြားတင်သွင်းသော စာတမ်းများနှင့် စပ်လျဉ်း၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှ၊ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်၊ သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဒုတိယ ပါမောက္ခချုပ် ဦးမြတ်သူရ၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ သမဝါယမဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိဏ်းနှင့် တက်ရောက်လာ ကြသော ပညာရှင်များ၊ သုတေသီများနှင့် ဧည့်သည်တော်များက ဆွေးနွေးအကြံပြု မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်း ပြောကြားကြသည်။ ယင်းနောက် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှက စာတမ်းများ အပေါ် သုံးသပ်ဆွေးနွေးပြောကြားပြီး စာတမ်းဖတ်ပွဲကို ညနေ ၄နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအားကစားအဖွဲ့များ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၉

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များဆွတ်ခူးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရမြန်မာအားကစားအဖွဲ့များသည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဦးဆောင်၍ ယနေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဇဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကအဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ အားကစားသမားများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အိုးစည်၊ ဗုံမောင်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ရွှေသုံးခု၊ ငွေတစ်ခုနှင့် ကြေးတစ်ခုဆွတ်ခူးရရှိပြီးအအောင်မြင်ဆုံး အားကစားအဖွဲ့ဖြစ်ခဲ့သော မြန်မာပိုက်ကျော်ခြင်းအဖွဲ့အား သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

(မြန်မာ့အလင်း)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်အတူ မြန်မာအားကစားအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ ဆေးအဖွဲ့ဝင်များ၊ ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးတစ်ခုရ ပိုက်ကျော်ခြင်းအဖွဲ့၊ ရွှေနှစ်ခု၊ ငွေငါးခု၊ ကြေးနှစ်ခုရ ပြေးခုန်ပစ်အဖွဲ့၊ ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးငါးခုရ ဂျူဒိုအဖွဲ့၊ ရွှေနှစ်ခု၊ ငွေတစ်ခုရ သေနတ်ပစ်အဖွဲ့၊ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးငါးခုရ အလေးမအဖွဲ့၊ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုရ မြားပစ်အဖွဲ့၊ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးငါးခုရ တိုက်ကွမ်ဒိုအဖွဲ့၊ ငွေသုံးခု၊ ကြေးလေးခုရ ဝူရှူးအဖွဲ့၊ ငွေနှစ်ခုရ ဘိလိယက်အဖွဲ့၊ ငွေတစ်ခု၊ ကြေးသုံးခုရ လက်ဝှေ့အဖွဲ့၊ ငွေတစ်ခု၊ ကြေးနှစ်ခုရ ကရာတေးဒိုအဖွဲ့၊ ငွေတစ်ခု၊ ကြေးတစ်ခုရ သိုင်းအဖွဲ့၊ ကြေးငါးခုရ မွေအားကစားအဖွဲ့၊ ကြေးတံဆိပ်ရရှိခဲ့သော အမျိုးသား ဘော်လီဘောအသင်းနှင့် အမျိုးသမီးဘောလုံးအသင်းတို့ လိုက်ပါလာကြသည်။

ဆွတ်ခူး

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေ ၁၂ခု၊ ငွေ ၂၂ခု၊ ကြေး ၃၇ခု ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် အဆင့် (၈) နေရာ ရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို အမျိုးသမီး Hoop Takraw အသင်း၊ အမျိုးသား နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းအသင်း၊ အမျိုးသမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်း အသင်း၊ မီတာ ၅၀၀၀ အပြေးပြိုင်ပွဲမှ အောင်ခိုင်၊ ကီလို ၂၀ လမ်းလျှောက်ပြိုင်ပွဲမှ ကေခိုင်မျိုးထွန်း၊ မီတာ ၅၀ ရိုင်ဖယ်ပြိုင်ပွဲမှ လင်းအောင်၊ အမျိုးသားရိုင်ဖယ် သေနတ်ပစ် အသင်း၊ ဂျူဒိုပြိုင်ပွဲမှ ဟိန်းလတ်ဇော်နှင့် ဇင်လင်းအောင်၊ အလေးမပြိုင်ပွဲမှ ဇေဇေလတ်၊ အမျိုးသမီး Compound မြားပစ် အသင်းနှင့် တိုက်ကွမ်ဒို ကကွက်ပြိုင်ပွဲမှ ယမင်းကေခိုင်တို့က ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံအတွက် ရွှေဆုရယူပေးခဲ့သည့် အမျိုးသမီး Compound မြားပစ်အသင်းအား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ နည်းပြများနှင့်အတူ တွေ့ရစဉ်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ပရီမီယာလိဂ်ဖောင်ပီတ်သတင်း

ဇယားအောက်ဆုံးမှ ပို့စ်မောက်က လီဗာပူးကိုနိုင် မန်ယူအသင်းအဝေးကွင်း၌ ဖူလ်ဟမ်ကိုရှုံးနိမ့်

လန်ဒန် ဒီဇင်ဘာ ၁၉

ပရီမီယာလိဂ်ပွဲစဉ် (၁၈)ဘောလုံး ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၉ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယား အောက်ဆုံးရောက် ပို့စ်မောက်က အိမ်ကွင်း၌ လီဗာပူးကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားပြီး ရမှတ်သုံးမှတ် ထိုက်တန်စွာ စုဆောင်းနိုင်ခဲ့သည်။ ပထမပိုင်းပွဲပြီးရန် တစ်မိနစ်အလို ပို့စ်မောက်ကစားသမား ဘင်ဟိန်းကို မာရှေယာနို ကြမ်းတမ်းစွာ ကစားခဲ့မိ၍ အနီကတ်ဖြင့် ထွက်ခဲ့ရသည်။

ဖူလ်ဟမ်-မန်ယူ

မန်ယူတို့ ဖူလ်ဟမ်အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ ပွဲစပြီး ၂၂မိနစ်အကြာ မာဖီက ဖူလ်ဟမ်အတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ မန်ယူတိုက်စစ်တွင် ရွန်နေနှင့် အိုဝင်တို့အတွဲကို ပွဲထုတ်ခဲ့သည်။ ဒုတိယပိုင်းပြန်စပြီး တစ်မိနစ်အကြာတွင် ဇာမိုရာက ဖူလ်ဟမ်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ မန်ယူတိုက်စစ်တွင် ဂစ်ဆင်အစား ဘာဘာတော့ဗ်ဝင်ကစားသည်။ အိုဝင်အစား ဝဲလ်ဘတ် ဝင်လာသည်။ သို့သော်လည်း ဖူလ်ဟမ်အတွက် ဒါမီယင်ဒပ်ဖ်က ဖူလ်ဟမ်အတွက် တတိယဂိုးသွင်းယူသွားသည်။ ပွဲအပြီး မန်ယူတို့ သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

မန်စီးတီးအတွက် အဖွင့်ဂိုးကို ဆန်တာခရုဇ်က ဆန်းဒါးလန်းဘက်သို့ ဤသို့ သွင်းယူခဲ့သည်။

ပြီးခဲ့သောပွဲစဉ်က စပါးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သော မန်စီးတီးသည် အိမ်ကွင်း၌ ဆန်းဒါးလန်းကို ခြေစွမ်းပြကစားခဲ့သည်။ ပွဲစပြီး လေးမိနစ်အကြာ ဆန်တာခရုဇ်က မန်စီးတီးအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ မန်စီးတီးအတွက် ဒုတိယဂိုးကို တီဗက်ဇ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူသွားသည်။ ဆန်းဒါးလန်းမှ မန်ဆက်နှင့် ဟန်ဒါဆင်တို့က ပြန်လည်ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၅မိနစ်တွင် ဘယ်လာမီက မန်စီးတီး အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြန်သည်။ ယင်းဂိုးကို ဂျုံးစ်က ပွဲချိန် ၆၂မိနစ်တွင် ချေပခဲ့သည်။ ပွဲချိန် ၆၉မိနစ်တွင် ဆန်တာခရုဇ်က မန်စီးတီးအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ပွဲပြီးချိန် မိနစ် ၉၀ပြည့်ချိန်တွင် ဆန်းဒါးလန်းမှ မိုက်ကယ်တန်းနားသည် ဂါးရက်ဘာရီအား ကြမ်းတမ်းစွာ ကစားခဲ့၍ အနီကတ်ဖြင့် ထွက်ခဲ့ရသည်။ အခြားပွဲများအဖြစ် စပါးတို့ ဘလက်ဘန်းကွင်း၌ ပီတာခရောက်ချ်၏ အနိုင်ဂိုးနှစ်ဂိုးဖြင့် နိုင်ပွဲ ဆက်ခဲ့သည်။ အက်စ်တွန်ဗီလာတို့လည်း အိမ်ကွင်း၌ စတုတ်ကို တစ်ဂိုး-ဂိုးမရှိ ဖြင့်နိုင်ခဲ့သည်။

အာကာကျော်-စုစည်းသည်

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် ထွက်ပြီ

ရန်ကုန် ဒီဇင်ဘာ ၁၉

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၄၉)၌ ကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဥပဒေနှင့်မညီညွတ်သော ဗီဒီယိုတိပ်ခွေနှင့် ဓာတ်ပြားများ ဖျက်ဆီး၊ အထူးကုဆေးခန်းအချို့ လူနာဆေးကုသမှုမှတ်တမ်းကို အများနားလည်နိုင်သောပုံစံဖြင့် ပြောင်းရေးလာကြ၊ မြန်မာနိုင်ငံသားများ စင်ကာပူတွင် အိမ်ဝယ်ယူနိုင်တော့မည်၊ အသုံးပြုပြီး ပလတ်စတစ်များမှ ပြည်ပဈေးကွက်ဝင် အဆင့်မြင့် အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်နိုင်တော့မည်၊ တက္ကသိုလ်ဖုန်ဘောလုံးပွဲများ ရန်ကုန်တွင် ပြန်လည်ကျင်းပပြီ စသည့် ပြည်တွင်းရေးရာသတင်းများ၊ လူသားထဲက လူထူးလှ Myanmar Channel၊ အင်းရိုးရာ အင်းခလေ့ အင်းအလှများ(၁) Myanmar DISCOVERY၊ ဖုန်းအသုံးပြုသောအခါ သတိပြုစရာ (စီဒီအမ်အေခြင်းဖုန်းမှာ ပျက်တတ်တာ)၊ တိုဟူးသည် ကိုသန်းထိုက်၏ သူ့ဘဝ သူ့ဒဿန 'ကိုယ့်အတွက်နဲ့ ဘယ်သူ့မှ ဒုက္ခမပေးချင်ဘူး'၊ မြန်မာနိုင်ငံနှင့် ယင်း၏ ငါးသယံဇာတ ကဲ့သို့သော ဖတ်စရာ၊ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ကျွန်တော်တို့က စစ်သွေးကြွတွေကို တိုက်ခိုက်နေတာ ပါကစ္စတန်ဝန်ကြီးချုပ် ယူစွတ်ရာဇာဂီလာနီနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ စင်ကာပူ၏ နိုင်ငံခြားသားလုပ်သားစီးဝင်မှု တံခါးဖွင့်မူဝါဒသည် စင်ကာပူနိုင်ငံသားတို့အား အကျိုးယုတ်စေခြင်းမရှိ၊ သတင်းသမားတို့၏ အညီအပေါက်နှင့် ရက်စက်ကြမ်းကြုတ်သော သတင်းများ တားမြစ်သည့်ဥပဒေ တရုတ်(တိုင်ပေ)အစိုးရ ပြောင်းလဲပြင်ဆင်၊ စင်ကာပူကဲ့သို့ ဂျပန်လည်း နိုင်ငံခြားသား လိုအပ်နေ၊ တရားရုံးတွင် သက်သေခံမည့်သူကို အုတ်ခဲဖြင့်ထုသတ်သည့် ဆယ်ကျော်သက်လူငယ် ထောင်ဒဏ် ၁၄နှစ်ကျ၊ အိပ်ပျော်နေစဉ် ဟောက်ခြင်းက ကျန်းမာရေးကို အထောက်အကူပြု စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ် ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာ အထက်တန်းကျောင်းခွဲ အဆောက်အအုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

✳ ကျော့ဖုံးမှ

နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများမှ ပြည်သူများ သွားလာရေး အဆင်ပြေစေရေး၊ ဒေသထွက်ကုန်များ အလွယ်တကူ ပို့ဆောင်နိုင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေခံများ တိုးတက်လာစေရန်နှင့် ယခင်ကာလက သွားစရာဟူ၍ ခြေကျင်လမ်း၊ လှည်းလမ်းကလွဲ၍ ဘာမျှမရှိသော မြို့ရွာများကို တိုတောင်း



"ကုန်သည်တွေကလည်း ဒီအထိလာဝယ်၊ အတီးတို့ကလည်း မြို့တွေ တက်ရောင်းချင်ရင် ရောင်းကြတယ်၊ စိုက်သမျှ၊ သီးသမျှ ငွေဖြစ်လာပြီဝေ"
အတီး ဦးစောထွန်းလွင် အသက် ၆၆နှစ်၊
တောင်ခင်ကျေးရွာ ရွာမိရွာဖ။

ပြန့်ပြူးသည့် လမ်းသစ်များ ဖြစ်ပေါ်စေရေးအတွက် **'ထွက်ကုန်သီးနှံ သယ်ပို့ရန်၊ ကျေးရွာမြို့ရောက် လမ်းတွေဖောက်'** ဟူသော ဆောင်ပုဒ်ကို လက်ကိုင် ပြုကာ ဒေသအသီးသီးတွင် နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နေ့မအား ညမနား ဆောင်ရွက်နေကြသည်။ ထင်ရှားသော ပြယုဂ်များမှာ တိုင်းအနှံ့၊ ပြည်နယ်တစ်ခွင်၊ ကျေးလက်နှင့် မြို့ပြဒေသများ၏ ရေမြင့်ကြာတင့်သို့နှယ် တစ်ရှိန်ထိုး ဖွံ့ဖြိုးမှုက သက်သေပြလျက်ရှိသည်။

သတင်းသမားဟူသည် အချိန်နှင့် တစ်ပြေးညီ သတင်းရှိရာသို့ ပြေးလွှားနေကြသူဖြစ်ရာ ချမ်းလို့ဖြင့် ခိုက်ခိုက်တုန် စောင်ခြုံလို့ဖြင့် မနွေးနိုင်သော ဆောင်းရာသီ၏ အေးမြလှသော အအေးဒဏ်ပီပြင်မှုကို အန်တုကာ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ဆီသို့ ယခုရက်ပိုင်းအတွင်း ဒုတိယအကြိမ် ရောက်ရှိခဲ့ပြန်သည်။

အောင်မြင်မှု

ပထမတစ်ခေါက် ခရီးစဉ်တွင် တွေ့ခဲ့ရသည့် စိမ်းစိုသော စပါးခင်းများ နေရာတွင် ဝင်းမှည့်ရွှေဝါရောင် စပါးခင်းများအား ရိတ်သိမ်းပြီး လယ်ကွင်းများ၌ ဆောင်းသီးနှံဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲစိုက်ခင်းကြီးများ၊ နွေစပါးစိုက်ပျိုးနိုင်ရန် ပြင်ဆင်နေမှုများက အသွင်သစ်၊ အမြင်သစ်တို့ဖြင့် အစားထိုးနေရာယူလျက် မြို့နယ်၏ သီးနှံစိုက်စွမ်းအားကား ပဲခူးတိုင်း၏ စိုက်ပျိုးအောင်မြင်မှု ဂုဏ်ဒြပ်ကို ဖော်ကျူးလျက်ရှိသည်။

သတင်းအဖွဲ့သည် ကျောက်တံခါးမြို့နယ်တစ်ခွင် မြို့ပြနှင့်ကျေးလက်လမ်းများပေါ် ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်နှင့် ဝတ္တရားများအပြင် စေတနာနှင့် မေတ္တာပေါင်းစပ်ဆောင်ရွက်ပေးနေခြင်းတို့ကို သိရှိနိုင်ရန်အတွက် အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသင်းဦး၊ လက်ထောက် အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့နှင့် တွေ့ဆုံခဲ့သည်။

အရှည်အသွေး

အမှုဆောင်အရာရှိက "မြို့ပြနှင့် ကျေးလက်လမ်းများကို ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ် စီမံချက်ရေးဆွဲပြီး ပြီးစီးအောင်ဆောင်ရွက်နေပါတယ်။ ယခု ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးသို့ ဆက်သွယ် ဖောက်လုပ်နေသည့် အောင်မင်္ဂလာ-သရက်စိန် အရှည် ၄မိုင် ဝ၁ဒသမ ၄၂ ဖာလုံရှိ မြေသားလမ်းကို အကျယ်၁၂ပေရှိ ရာသီမရွေးသွားလာနိုင်သည့် ကျေးလက် ကျောက်ချောလမ်းအား ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နဲ့ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်ရာတွင် တိုင်း၊ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်ရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ညွှန်ပြမှု၊ စည်ပင်သာယာရေးဦးစီးဌာနရဲ့ ကြီးကြပ်မှု၊ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ရဲ့ အနီးကပ်ကြီးကြပ် ပံ့ပိုးပေးမှုတို့ဖြင့် အချိန်တိုကာလအတွင်း သတ်မှတ်စံချိန်စံညွှန်း အရှည်အသွေးပြည့်မီစွာ လုပ်ငန်းပြီးစီးနိုင်ရေးကို နေ့မအား၊ ညမနား ကြိုးပမ်း ဖောက်လုပ်နေပါတယ်။

ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာ အုပ်စု၌ ကျေးရွာနေပြည်သူများ CDMA 450- မိုဘိုင်းလ်ဖုန်းများဖြင့် ဤသို့ ရပ်ဝေးရပ်နီးသို့ ဆက်သွယ် ပြောဆိုနိုင်ကြပြီ။ (မြန်မာ့အလင်း)

ဒီကျောက်ချောလမ်းမကြီးဟာ ကျောက်တံခါးမြို့နယ်နှင့် ဖြူးမြို့နယ်ရှိ ကျေးရွာချင်း ဆက်သွယ်သော ကျောက်ချောလမ်းဖြစ်ပြီး အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်တဲ့ တောကျွဲအင်း၊ ကညွတ်ကွင်း၊ ဆင်ဇလုပ်၊ အင်းပိုင်းကြီး၊ သရက်စိန်၊ ဘန့်ဘွေးကျွန်း၊ မိုးမခနှင့် အောင်မင်္ဂလာကျေးရွာနေပြည်သူများအနေဖြင့် ရာသီမရွေးသွားလာ ဆက်သွယ်အသုံးပြုနိုင်တော့မှာ ဖြစ်သလို ရန်ကုန်-မန္တလေး၊ ကွန်ကရစ် အဝေးပြေးလမ်းမကြီးနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးကို ဆက်သွယ်တဲ့ ဖြတ်လမ်းအဖြစ် သွားလာအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

"အခုတော့ လမ်းတွေကောင်းလာလို့ ဆိုင်ကယ်တဝီဝီနဲ့ အခုသွား အခုပြန် ဟန်ကိုကျလို့ပေါ့ကွာ"
အဘိုး ဦးမောင်ငွေ
အသက် ၈၉နှစ်၊
တောင်ခင်ကျေးရွာရွာမိရွာဖ။

ဟန်ချက်ညီညီ

၂၀၀၉ခုနှစ် နိုဝင်ဘာ ၂ရက်က လိုအပ်တဲ့ လမ်းခင်းကျောက်များ စတင်စုဆောင်းခဲ့ပြီး လမ်းခင်းလုပ်ငန်း ပိုင်းကိုတော့ ၁၆ရက်က စတင်ခဲ့ပါတယ်။ ယခု ဒီဇင်ဘာလအတွင်း အချောသတ်ပြီးစီးရေး လုပ်ငန်းစီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ကျေးလက်ပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးလက်လမ်း၊ တံတား နှစ် ၃၀ရှည် စီမံကိန်း၊ ကျေးလက်ရေပေးရေး ၁၀နှစ် စီမံကိန်းများကို နှစ်အလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို မြို့သန့်ရှင်းသာယာလှပရေး၊ ပန်းခြံနှင့် ပန်းဥယျာဉ်များထူထောင်ထားရှိရေး၊ မြို့တွင်းလမ်းများ ကောင်းမွန်ရေး လုပ်ငန်းများကိုလည်း မြို့နယ်အတွင်း ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု စကားဆိုခဲ့သည်။

ဆောင်ရွက်ပေး

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက် အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းက "မြို့တွင်း၌လည်း ကတ္တရာ ၄မိုင် ၃ဒသမ ၄ဖာလုံ၊ ကျောက်ချော ၁မိုင် ၇ဒသမ ၄၅ဖာလုံ၊ဂဝံ ၂ဒသမ ၅၇ဖာလုံ၊ မြေသား တစ်မိုင် ၇ ဒသမ ၅၅ဖာလုံကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ထားရှိပြီး မြို့တွင်းကွန်ကရစ် တံတား ရှစ်စင်း၊ သစ်သားတံတား ၁၆စင်း၊ ရေပြွန် ၁၂စင်း စုစုပေါင်း ၃၆စင်းကို ဆောင်ရွက်ပေးနိုင်ပြီး ကျန်မြေသားလမ်းနှင့် ဂဝံလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲပြီး နှစ်စဉ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထို့အပြင် ကျေးလက်ဒေသနေ ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် သွားလာဆက်သွယ်မှု လွယ်ကူစေရန် ကျေးလက်လမ်းများကိုလည်း ကျောက်ချောလမ်း ၁၆မိုင် ၇ဒသမ ၈၁ ဖာလုံ၊ ဂဝံလမ်း ၁၃မိုင် ၂ဒသမဝ၈ဖာလုံနှင့် မြေသားလမ်း ၆၉မိုင် ဝဒသမဝ၂ ဖာလုံတို့ကိုလည်း ဆောင်ရွက်ပေးထားနိုင်ခဲ့ပြီး ကျေးလက်တံတားအနေဖြင့် ကွန်ကရစ်တံတား တစ်စင်း၊ အုတ်ခုံသစ်သား တံတား ခုနစ်စင်း၊ ရေပြွန် သုံးစင်း စုစုပေါင်း ၁၁ စင်းကို ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း"ဟု ရှင်းပြသည်။

အမှုဆောင်အရာရှိ ဦးသင်းဦးကပင် ဆက်လက်၍ "ကျွန်တော်တို့မြို့ရဲ့ ကျေးလက်တွေ တကယ်ဖွံ့ဖြိုးမှု ရှိမရှိ လက်တွေ့သိရအောင်လိုက်ခဲ့ဗျာ"ဟု ဖိတ်ခေါ်သဖြင့် သတင်းအဖွဲ့ ကျေးလက်ဒေသများဆီသို့ ခရီးဆက်ခဲ့ကြသည်။ သတင်းအဖွဲ့သည် ရန်ကုန်-မန္တလေးကားလမ်းအား ထိစပ်လျက်ရှိသော သူဌေးကုန်းမှ တောင်ခင်ကျေးရွာအထိ ဖောက်လုပ်ထားသော အရှည် သုံးမိုင်၊ လေးဖာလုံရှိ ဂဝံလမ်းကို တောင်ခင်ရွာအထိ သွားရောက်လေ့လာခဲ့သည်။ ကျေးရွာအလယ်တန်းပြ ကျောင်းဆရာ ဦးခင်မောင်မြင့်အိမ်တွင် ခေတ္တနားနေစဉ် ရွာမိရွာဖ အသက်(၈၉)နှစ်ရှိ အဘိုး ဦးမောင်ငွေနှင့် တွေ့ဆုံခဲ့၍ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို မေးမြန်းစပ်စုခဲ့ရာ အဘိုးဦးမောင်ငွေ ဧည့်ခန်းထဲမှာပင် သူ့အမြင်၊ သူ့အတွေးတို့ကို အေးဆေးဖြည်းညင်းစွာ ရှင်းပြသည်။ ဟိုအရင်တုန်းက နယ်မြေကလည်း မငြိမ်းချမ်း၊ ရွာကနေ မြို့ကိုသွားချင်ရင် ခြေကျင်၊ နွားလှည်းနဲ့ လယ်ကွင်းများကြားထဲက ဖြတ်ပြီး သွားရင်တောင် မြို့မှာညအိပ်ခဲ့ရတာတွေရှိတယ်။ အခုတော့ လမ်းတွေကောင်းလာလို့ ဆိုင်ကယ် တဝီဝီနဲ့ အခုအသွား အခုပြန် ဟန်ကိုကျလို့ကွာဟု ကျေးလက်လမ်းပန်း ကောင်းမှုအား ညွှန်းဆိုပြ ပြောဆိုရင်း ဒါတင်မကသေးဘူးကွာ၊ ဟိုးယခင်က စာသင်ကျောင်းမရှိခဲ့၍ ရွာဘုန်းတော်ကြီးကျောင်း၌ပင် စာသင်ခဲ့ရပြီး ယခုတော့ ရွာမှာ အထက်တန်းကျောင်းခွဲလည်းရှိတယ်လီဖုန်းတွေနှင့် အဘိုးတစ်သက်မှာ အခုလိုမြင်တွေ့ရမယ်လို့ မထင်ခဲ့မိပါဘူး၊ အခုလိုမြင်ရလို့ ပီတိဖြစ်ရတာလည်း ကုသိုလ်တစ်မျိုးပဲဟု ရင်တွင်းခံစားချက်ကို ကြည်နူးအပြုံးနှင့် ပြောပြသည်။

ကျောက်တံခါးမြို့နယ် ကြိမ်ခါကုန်းကျေးရွာအုပ်စု တောင်သူကြီး ဦးသင်း၏ လယ်မြေ ၁၀၈ကေတွင် စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲစိုက်ခင်းကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ဆက်သွယ်သွားလာနိုင်

ဆက်လက်၍ သတင်းအဖွဲ့သည် ဂဝံလမ်းပေါ်သို့ သွားရောက်ကြည့်ရှု လေ့လာနေစဉ် ဆိုင်ကယ်ဘေးတွဲ တပ်ဆင်ထားသည့် သုံးဘီးဆိုင်ကယ်စီးလာသော ကျေးရွာလူကြီးတစ်ဦးဖြစ်သူ ဦးစောထွန်းလွင်အား လမ်းအခြေအနေနှင့် ပတ်သက်၍မေးမြန်းကြည့်ရာ "ယခုဖောက်လုပ်ပေးထားပြီးသော ဂဝံလမ်းဟာ ဖယ်အင်း၊ အလှိုင်၊ လေးအိမ်စု၊ နွားရေချောင်း၊ ကျိုက်ကွင်း၊ ဘုရားငုတ်တို၊ တောင်ခင်၊ ကျေးရွာများနှင့် စစ်တောင်းမြစ် ကမ်းခြေကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်သည့်အပြင် ဒါတင် ဘယ်ကမလဲ စီးပွားရေးအရဆိုရင် အရင်က ကိုယ့်ဒေသထွက် ကုန်တွေ လမ်းတွေမကောင်းလို့ ဘယ်မှမရောင်းရဘူး။ ဝယ်သူတက်လာ မဝယ်ရဲလို့ မရောင်းရဘူး။ အခုတော့ ကုန်သည်တွေကလည်း ဒီအထိလာဝယ်၊ အတီးတို့ကလည်း မြို့တွေ တက်ရောင်းချင်ရင် ရောင်းကြတယ်၊ စိုက်သမျှ၊ သီးသမျှ ငွေဖြစ်လာပြီဝေ"ဟူ၍ ကရင်တိုင်းရင်းသားသံ ဝဲဝဲဖြင့် ဝမ်းသာကြည်နူးအပြုံးဖြင့် ပြောကြားသည်။

ရာသီမရွေး

ဆက်လက်၍ သတင်းအဖွဲ့သည် ရန်ကုန်-မန္တလေးကားလမ်းနှင့် ထိစပ် ဖောက်လုပ်ထားသော သာယာကုန်း-အနောက် ကံကလေးကျေးရွာအထိ အရှည်ပေ ၃၃၉၀ ရှိ ကျေးလက် ဂဝံလမ်းအား သွားရောက် လေ့လာခဲ့သည်။ အဆိုပါလမ်းမှာ ယခင်မြေသား လမ်းအဆင့်သာရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဂဝံလမ်း အဆင့်မြှင့်တင်ကာ တိုးချဲ့ဖောက်လုပ်ပေးခဲ့သဖြင့် ယခုဆိုလျှင် ဆိုင်ကယ်၊ စက်ဘီးနှင့် ကုန်တင်ယာဉ် ငှက်ဒေါင်းများ ရာသီမရွေး သွားလာနိုင်ကြပေပြီ။

"မြို့ပြနှင့် ကျေးလက်လမ်းများကို ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်စီမံချက်ရေးဆွဲပြီး ပြီးစီးအောင်ဆောင်ရွက်နေပါတယ်"
ဦးသင်းဦး
အမှုဆောင်အရာရှိ၊
ကျောက်တံခါးမြို့နယ်။

ကျောက်ချောလမ်း

ထိုမှဆက်လက်ပြီး သတင်းအဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီးကို ဆက်သွယ်ဖောက်လုပ်နေသော အောင်မင်္ဂလာ-သရက်စိန် အရှည်၄မိုင် ဝ၁ဒသမ၄၂ဖာလုံရှိ ကျောက်ချောလမ်းခင်းနေသောအဖွဲ့ဆီသို့ ရောက်လာခဲ့ကြပြီး ကျောက်ခင်းနေသူ၊ လမ်းကြိတ်နေသူများဖြင့် လမ်းများအတော်လေး ခရီးရောက်နေပြီကို တွေ့ခဲ့ရပါသည်။

တင်ပြ

ယနေ့အခါ နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်ခြင်းနှင့်အတူ ဖွံ့ဖြိုးမှုများလည်း အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလျက်ရှိရာ ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျေးလက်များသည်လည်း အခြားသော ဒေသများနှင့်မခြား အလားတူပြောင်းလဲတိုးတက်နေပြီဖြစ်ပါကြောင်း သတင်းခရီးကွင်းဆင်းစဉ် တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ကျောက်တံခါးမြို့နယ်နှင့် ဖြူးမြို့နယ်ချင်းဆက် အောင်မင်္ဂလာ-သရက်စိန် ကျောက်ချောလမ်းအဖြစ် ဤသို့ခင်းကျင်းဖောက်လုပ်လျက်ရှိသည်။ (မြန်မာ့အလင်း)

နုပျိုသွက်လက်တဲ့ အမျိုးသား အမျိုးသမီးတိုင်းရဲ့ ရယ်ဗီကွန်
revicon
Soft Gel Capsule

LOLANE PROFESSIONAL HAIR WORK SHOP
LOLANE PROFESSIONAL HAIR WORKSHOP
နေရာ M 3 FOOD CENTRE

ELECTRONICS & LIFESTYLE 2009
December 24-27, 2009
Tatmadaw Hall
Main Sponsored by
NIBBAN
KMD
CTC

မင်္ဂလာညစာခံပွဲအစီအစဉ်အား ရွှေ့ဆိုင်းခြင်း

ကျွန်တော် ကျွန်မတို့၏ ၂၃-၁၂-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့) ညနေဖနာရီတွင် ကန်တော်ကြီး Western Park Royal တွင် ကျင်းပပြုလုပ်မည့် မင်္ဂလာညစာခံပွဲ အစီအစဉ်အား ခေတ္တရွှေ့ပြောင်းလိုက်ပါကြောင်း။

မောင်ဝေဖြိုးမောင်-မသူဇာလှိုင်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ခုနှစ်ဘွဲ့ရများ (၁၁)ကြိမ်မြောက်တွေ့ဆုံပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ခုနှစ်ဘွဲ့ရများ၏ (၁၁)ကြိမ်မြောက် တွေ့ဆုံပွဲအခမ်းအနားကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ၂၄ရက်(ကြာသပတေးနေ့)ညနေ၄နာရီတွင် ကန်တော်ကြီး Western Park Royal Restaurant ၌ ကျင်းပမည်ဖြစ်ပါ၍ ၁၉၆၉ခုနှစ်ဘွဲ့ရအားလုံး စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

ဆက်သွယ်ရန်-

ဦးကြည်စိုး	ဖုန်း-၀၉-၅၁-၇၅၂၇၀၊
ဦးခင်ဝင်း	ဖုန်း-၀၉-၅၁-၈၀၇၄၂၊
ဦးခင်မောင်ဝေ	ဖုန်း-၀၉-၅၀-၄၈၈၈၀၊
ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)	ဖုန်း-၀၉-၅၁-၃၆၇၃၀၊
ဒေါ်ခင်မြသိန်း	ဖုန်း-၀၁-၆၅၁၄၁၄၊
ဦးလှတိုး	ဖုန်း-၀၁-၅၀၀၉၇၄။

အမည်ပြည့်စွက် ခေါ်ပါရန်

အဖဦးကျော်သူ၏သမီး မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာမှ မသိမ့်နဒီဆွေအား မသိမ့်နန္ဒီဆွေ(ခ)မသိမ့်နဒီဆွေဟု ဖြည့်စွက်ခေါ်ပါရန်။ **မသိမ့်နန္ဒီဆွေ(ခ)မသိမ့်နဒီဆွေ။**

X' Mas Night
Lazy Club
25.12.2009 (Fri) 6:00 pm
Yuzana Garden Hotel
ks 5000

CHANNEL vinyl

ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် ကျောင်းသားဟောင်းများ၏ မိတ်ဆုံညစာစားပွဲကို ပြည်လမ်း IBC (International Business Centre) မြက်ခင်းပြင်၌ ဒီဇင်ဘာ ၂၄ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျောင်းသားဟောင်းများနှင့် မိသားစုများပါ တက်ရောက်ကြရန်ဖိတ်ကြားထားကြောင်း သိရသည်။ *(၁၇၂)*

အင်းစိန် အလက(၁) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကူညီခဲ့သည့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောသြဂတ်စတင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နီက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (၁၁၃)

သန်လျင်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဒီဇင်ဘာ ၁၂ရက်က မြတ်မာလာခန်းမ၌ ကျင်းပရာ ဆဋ္ဌမတန်း ပညာရည်ထူးချွန်ဆုရ မောင်ရန်နိုင်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မင်္ဂလာကုမ္ပဏီလီမိတက်

အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက်
အောက်ပါဝန်ထမ်းများအလိုရှိသည်။
ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃
(ပြည်တွင်း၌သာခန့်ထားရန်)
(မြန်မာကျပ်ငွေဖြင့် ညှိနှိုင်းလစာသတ်မှတ်ပေးပါမည်။)
(ဝန်ထမ်းများအတွက် အစားအသောက်နှင့်
နေထိုင်ရေးအတွက်ကို ကုမ္ပဏီမှစရိတ်ငြိမ်းစီစဉ်ပေးပါမည်။)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) မန်နေဂျာ/ဒု-မန်နေဂျာ ကျား (၅)ဦး
- အသက်(၃၀)မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။
- M.P.A.,M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လ/ထမန်နေဂျာ(စီမံ/ကြီးကြပ်)(ပြသ) ကျား/မ(၆)ဦး
- အသက် (၂၅)နှစ်မှ (၄၀)အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) လျှပ်စစ်/လေအေးစက်၊ပြစက် ကျား (၆)ဦး
- အသက် (၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I(M.P),(E.P),(E.C)၊ စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးစက်ဘာသာရပ်၊ Electrical (သို့) Mechanical ဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်းလျှော့ပေါ့စဉ်းစားပေးမည်။

(ဃ) တန်းပြ၊ ရောင်း/သိမ်း ကျား/မ(၁၂)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(င) လုံခြုံရေး/ယာဉ်ရပ်နားစခန်း ကျား (၁၀)ဦး
- အသက်(၂၀)မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း(သို့)ရဲမှုထမ်းဟောင်းများ ဦးစားပေးမည်။

(စ) သန့်ရှင်းရေး ကျား/မ(၁၀)ဦး
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(ဆ) ထမင်းချက် မ (၄)ဦး
- အသက်(၂၃)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဇ) ယာဉ်မောင်း (Driver) ကျား (၃)ဦး
- အသက်(၂၃)နှစ်မှ (၄၀)အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း သုံးနှစ်ရှိရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး မျက်စိမှုန်၊ မျက်မှန်တပ်သူ မဖြစ်စေရ။
- အိမ်ထောင်မရှိသူ (လူပျို) ဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) ရုံးအတွင်းရေးမှူး (Office Secretary) ကျား/မ(၄)ဦး
- အသက် (၂၁)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှု ရှိရမည်။
- အင်္ဂလိပ်ဘာသာစကား အရေး၊ အဖတ် ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ခ) ဘာသာပြန် (Interpreter/Translator) ကျား/မ(၃)ဦး
- အသက် (၂၃)နှစ်မှ (၅၀)အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အင်္ဂလိပ်(သို့)တရုတ်(သို့)ထိုင်း ကျွမ်းကျင်စွာ ဘာသာပြန်ဆိုနိုင်သူဖြစ်ရမည်။

(ဂ) စာရင်းကိုင်/စာရင်းစစ် ကျား/မ(၆)ဦး
- အသက်(၂၁)နှစ်မှ (၄၀)အတွင်းဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။(သို့)
- CPA,DA,LCCI III တစ်ခုခု အောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူဖြစ်ရမည်။

(ဃ) ဟိုတယ်ဧည့်ကြို (Receptionist) ကျား (၂)ဦး
- အသက်(၂၁)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(င) Hotel Waiter ကျား (၃)ဦး
- အသက်(၂၀)မှ (၃၀)အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ၂၅-၁၂-၂၀၀၉ရက် နောက်ဆုံးထား၍ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံချက်မူရင်းများနှင့်အတူ လိုအပ်သောအထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာရုံးခန်း-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃၊ သိမ်ကြီးဈေး (D)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

(စနေနေ့နှင့် တနင်္ဂနွေနေ့များတွင်လည်းလာရောက်လျှောက်ထားနိုင်ပါသည်။)
(ယခင်လျှောက်ထားပြီးသူများ ပြန်လျှောက်ရန်မလိုပါ။)

- မန်နေဂျာ၊ ဒု-မန်နေဂျာ၊ လျှပ်စစ်/လေအေးစက်၊ ပြစက်၊ ရောင်း/သိမ်း၊ ရုံးအတွင်းရေးမှူး၊ ဧည့်ကြို၊ Waiter၊ စာရင်းကိုင်ဝန်ထမ်းလျှောက်ထားသူများအား ၂၆-၁၂-၂၀၀၉ရက် (စနေနေ့) နံနက်၉နာရီတွင်လည်းကောင်း၊
- လ/ထမန်နေဂျာ၊ တန်းပြ၊ လုံခြုံရေး၊ ကားပါကင်၊ ထမင်းချက်၊ ယာဉ်မောင်း၊ သန့်ရှင်းရေး၊ ဘာသာပြန်ဝန်ထမ်းလျှောက်ထားသူများအား ၂၇-၁၂-၂၀၀၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ)

တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာ စီးပွားရေးတက္ကသိုလ်မှ မခင်စန္ဒာလင်း ၈/အလန(နိုင်)၁၃၄၁၁၅၏ ဖခင် ဦးသိန်းထွန်း (နှင့်) ဦးအေးထွန်းဦးသည် တစ်ဦးတည်းဖြစ်ပါသည်။

ဦးသိန်းထွန်း(ခ)ဦးအေးထွန်းဦး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးမြင့်ဝေ(ခ)ဦးမြင့်မော်ပိုင်ယာဉ် လ/၇၁၅၄၏ အခွန်ကျေပုံစံ(၁) အစိမ်းရှက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၃၆၊ ရွှေဟင်္သာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်။**







မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော စိန်ပန်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် ဒီဇင်ဘာ ၁ရက်က ဒုတိယဦးစီးမှူး (အခွန်)နှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းမကြီး၏ မကွေး-ကန်ပြား ရထားလမ်းပိုင်းသစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

ပြည်နယ်နှင့်တိုင်းများသို့ သွားနိုင်သည့် ကွန်ရက်ရထားလမ်းပေါ်ထွက်

နေပြည်တော် ဒီဇင်ဘာ ၁၉

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သည့် မကွေး-ကန်ပြား ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီက မကွေးတိုင်း မကွေးမြို့နယ် မကွေးဘူတာဥပစာရှေ့၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာ့အလင်း
ဆောင်းပါးအညွှန်း

အခြေခံဥပဒေကို ပြည်သူတွေ အတည်ပြုထားသည်မို့ ဘယ်သောအခါမှ မပြင်ရဘူးဟု မဆိုလိုပေ။ အခြေအနေ၊ အချိန်အခါအရ ပြင်ဖို့လိုလာပါလိမ့်မည်။ ဘယ်မှာ ပြင်ကြရမလဲ၊ ပြည်သူလူထု ရွေးချယ်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် လွှတ်တော်က ပြင်ဆင်ကြပေလိမ့်မည်။ ဘယ်အချိန်မှာ ပြင်မှာလဲ၊ သင့်တော်လျော်ကန်သော အချိန်မှာ ပြင်စရာကို ပြင်ကြပါလိမ့်မည်။ ပြည်သူလူထု အာဏာပိုင်စိုးသော ဒီမိုကရေစီစနစ်ကို ပျိုးထောင်လေ့ကျင့် သွားကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီကို ကျွန်ုပ်တို့အားလုံးက လိုလားလက်ခံကြသည်။

မောင်ရွှေနီ၏ ဆောင်းပါးကို စာမျက်နှာ ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

နေပြည်တော် ဒီဇင်ဘာ ၁၉

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် ဒေသတွင်း ဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်သကဲ့သို့ အခြားဒေသများနှင့် ဆက်သွယ်သည့် လမ်း၊ တံတားများလည်း ကောင်းမွန်ရန် လိုအပ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ ဒေသတစ်ခု၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးတို့မှာလည်း ဖွံ့ဖြိုးတိုးတက် စည်ပင်လာမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✳

ရန်ကုန်-မန္တလေး ကားလမ်းနှင့် သာယာကုန်း - အနောက်ကံကလေးကျေးရွာ ဆက်သွယ်ထားသည့် ညီညာပြန့်ပြူးသော ဂဝံလမ်းပေါ်တွင် ဆိုင်ကယ်များ တစီစီဖြင့် ဤသို့ သွားလာနိုင်ကြပြီ။

ဓာတ်ပုံမှတ်တမ်း-
(မြန်မာ့အလင်း)

သတင်းခရီးသည် - သတင်းထောက် ပိန်းဇလုပ်သိန်းညွန့်
ဓာတ်ပုံမှတ်တမ်း - ရန်အောင်ထွန်း (ပိန်းဇလုပ်) စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)